ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-3-2011) (၆၉၉၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၉ နာရီခွဲတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကျင်းပမည့် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ်သို့ ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်း အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၉-၃-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ရှေးရှု တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများ ကျင့်သုံး

သမိုင်းတစ်ခေတ်မှတ်တမ်းတင်ရမည့် လွှတ်တော်အသီးသီး၏ ပုံမှန်အစည်းအဝေးများကို ဇန်နဝါရီ ၃၁ ရက်မှ စတင်၍ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပလျက်ရှိသည်။

လွှတ်တော်ဟူသည် ဥပဒေပြုရေးအာဏာကို ပြည်သူတို့ထံမှ ရရှိထားသည့် အဖွဲ့အစည်းဖြစ်သည်။ ပြည်သူ့ဘဝကိုပြဋ္ဌာန်းသည့် အဖွဲ့အစည်းဟု ပြောနိုင်ပေသည်။ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် အစိုးရအဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများသည် လွှတ်တော်၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ကြရခြင်း ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာပိုင်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အား စီမံအုပ်ချုပ်ရန် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ခဲ့ပြီ။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းပေးခဲ့ပြီဖြစ်သည်။

လွှတ်တော်များအနေဖြင့် လွှတ်တော်ဆိုင်ရာ ကိစ္စများဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်း ပြုဖွယ်ပြုရာလုပ်ငန်းကိစ္စများကို မကြာတော့သည့်ကာလ၌ စတင်ဖော်ဆောင်ကြရပေတော့မည်။ လွှတ်တော်သည် ဥပဒေပြုရန် အဓိကတာဝန်ရှိသည်နှင့်အညီ ဥပဒေရေးရာလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များကို စတင်ဆောင်ရွက်ကြမည်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသတွင်းဖြစ်ပေါ်နေသည့် အခြေအနေများကို လွှတ်တော်များမှတစ်ဆင့် အစိုးရအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်း စသည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီတင်ပြဆွေးနွေးနိုင်ကြပေတော့မည်။ ရှင်းလင်းဖြေကြား ဆွေးနွေးသူများကလည်း နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုး၊ အများပြည်သူ အကျိုးအတွက် မေးမြန်းကြသည်ဟူ၍ ခံယူပြီး ရှင်းလင်းဆွေးနွေး ဖြေကြားကြရပေမည်။

ပြည်သူ့ကိုယ်စားလှယ်များပီပီ လွှတ်တော်များအတွင်း မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ မိမိတို့၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စနစ်တကျ ကျင့်သုံးဖော်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်သည်။ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲမထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ထာဝစဉ်ရှေးရှုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော် (ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် မတ် ၃ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းအကောင်းဆုံး ကစားသမားဆုရရှိကြသူများနှင့် အသင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် အသင်းလိုက် တံခွန်စိုက်ဗိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးက ပထမတံခွန်စိုက်ဗိုင်းဆုရအသင်းအား ပထမတံခွန်စိုက်ဗိုင်းဆု၊ အမျိုးသား တံခွန်စိုက်ဗိုင်းဆုနှင့် အမှတ်ပေးဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ မင်္ဂလာရွှေဂူကြီး(ဆင်းကွတ်) ကျေးရွာ တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။
(သတင်းစဉ်)

ဝက်လက်မြို့နယ် မကျီးဖြူကျေးရွာတံတားနှင့် မင်္ဂလာရွှေဂူကြီး(ဆင်းကွတ်) ကျေးရွာတံတားများဖွင့်

နေပြည်တော် မတ် ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ် ၅ရက် နံနက်ပိုင်းတွင် ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မကျီးဖြူကျေးရွာ သစ်သားတံတားသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖ တစ်ဦးတို့က မကျီးဖြူကျေးရွာတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားသစ်ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ မကျီးဖြူကျေးရွာ သစ်သားတံတားသစ်သည် အရှည်ပေ ၁၅၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၈ ပေရှိပြီး ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားပြီးစီးသွားသဖြင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မင်္ဂလာရွှေဂူကြီး(ဆင်းကွတ်) ကျေးရွာ တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖ တစ်ဦးတို့က မင်္ဂလာရွှေဂူကြီး(ဆင်းကွတ်) ကျေးရွာ တံတားသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားသစ်ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ မင်္ဂလာရွှေဂူကြီး(ဆင်းကွတ်) တံတားသည် အရှည်ပေ ၁၅၀၊ အကျယ် ၁၈ပေနှင့် အမြင့် ၁၇ပေရှိပြီး ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားပြီးစီးသွားသဖြင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုဂံစာအုပ်တိုက်မှ ဆင်ဖြူကျွန်းအောင်သိန်း၊ မင်းကျော်၊ မြတ်ငြိမ်း(မြန်မာပြန်)၊ ဇင်အောင်နှင့် မောင်ခင်မင်(ဓနုဖြူ)တို့၏စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၈

ပုဂံစာအုပ်တိုက်မှ ဆင်ဖြူကျွန်းအောင်သိန်း၏ စံဝ မိမေ့(၂)ဝတ္ထုတိုများ၊ မင်းကျော်၏ ကျော်ဆွေ၊ မြတ်ငြိမ်း(မြန်မာပြန်)၏ မေတ္တာသည်သာ၊ ဇင်အောင်၏မုဆိုးရွတ်ပေတလူတောလုံးဆူနှင့် မောင်ခင်မင်(ဓနုဖြူ)၏ ရင်ထဲမှာလင်းလက်နေဆဲ ပန်းချီကားစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။



ဆင်ဖြူကျွန်းအောင်သိန်း၏ စံဝမိမေ့(၂)ဝတ္ထုတိုများတွင် ဝတ္ထုတို ၁၃ပုဒ်ကို ဆရာကြီး၏လက်ရာများအတိုင်း စိတ်ဝင်စားဖွယ်ဖတ်ရှုရမည်ဖြစ်ပြီး မင်းကျော်၏ ခွေးညိုနောက်ဆက်တွဲစာအုပ်ဖြစ်သော မင်းကျော်၏ ကျော်ဆွေစာအုပ်မှာ သူ့ဘဝတွင် အခြေခံခဲ့သော လူမမည်ဘဝမှ ကျောင်းဆရာလုပ်ရင်း၊ ဝတ္ထုရေးရင်း၊ ကျောက်စာကူးရင်း၊ တက္ကသိုလ်ပညာသင်ယူခဲ့သော မင်းကျော်၏ ဝတ္ထုဟန်ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် ဖြစ်သည်။

မြတ်ငြိမ်း၏ မေတ္တာသည်သာစာအုပ်မှာERIC LOMAX'S LONG JOURNEY By Poul Ehrlichနှင့် A LOVE BORN OF HATE By David Moller စာအုပ်များကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး ဇင်အောင် အမည်ဖြင့် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ မုဆိုးရွတ်ပေတလူ တောလုံးဆူဟာသဝတ္ထုရှည်ကြီးကိုလည်း ရွှင်မြူးဖွယ် ဖတ်ရှုကြရမည်ဖြစ်ကာ မောင်ခင်မင်(ဓနုဖြူ)၏ ရင်ထဲမှာလင်းလက်နေဆဲ ပန်းချီကားများစာအုပ်မှာ ကျူတာပေါက်စအဖြစ်မှ ပါမောက္ခဘဝအထိ တက္ကသိုလ်တွင် သင်ကြားပို့ချရင်း တပည့်များ၊ လုပ်ဖော်



ကိုင်ဖက်များနှင့် အတွေ့အကြုံများကို ဆက်စပ်ပုံဖော်ထားသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို ပုဂံစာအုပ်တိုက် အမှတ်(၄)အေ(၅)ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၀၀၃၈ နှင့် ၀၁-၅၄၄၃၂၂ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဘူမိကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး တွေ့ဆုံမည်

ရန်ကုန် မတ် ၈

ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးအတွက် မတ် ၂၆ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဒဂုံဂေါက်ကွင်း၌ တွေ့ဆုံကြမည်ဖြစ်ရာ ဒါရိုက်တာကြည်စိုးထွန်း ဖုန်း-၀၁-၅၈၄၆၃၁၊ မြင့်သိန်းတင် ဖုန်း-၀၁-၃၈၃၇၂၁၊ သောင်းစိန် ဖုန်း-၀၁-၅၂၄၁၆၃၊ ဇော်မင်း ဖုန်း-၀၉-၅၀၀၀၆၈၆နှင့် ညဏ်မိုး ဖုန်း-၀၁-၂၀၁၃၈၉ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင်မြို့ အမက(ဂျမား) ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စတုတ္ထတန်း ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်း မခိုင်ဆုသီရိအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။
(ပညာရေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဏိရတနာ ကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယကအဖွဲ့ဝင်များ ဖြစ်ကြသော နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇနှင့် အလုပ်အမှုဆောင်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာ ကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ်အတွင်း မြန်မာ့တွင်းထွက် ကျောက်စိမ်းအရိုင်းတုံးများ၊ ပန်းအလှပင်များနှင့် ရေပန်းများဖြင့် ပေါင်းစပ်အလှဆင်ထားမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာ ကျောက်စိမ်းခန်းမ ဧည့်ခန်းမသို့ရောက်ရှိပြီး မဏိရတနာ ကျောက်စိမ်းခန်းမ ပထမထပ်မှနေ၍ ပြပွဲခန်းမ မြေညီထပ်၌ ပြပွဲအကြိုစီစဉ်ခင်းကျင်းထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာ ကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်တွင် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ၊ ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ပထမအကြိမ် အောင်မြင်စွာကျင်းပခဲ့မှု ဗီဒီယိုမှတ်တမ်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်နှင့် မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ခဲ့မှု ဗီဒီယိုမှတ်တမ်းများနှင့် ရှင်းလင်းတင်ပြမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာ ကျောက်စိမ်းခန်းမ ပထမထပ်မှနေ၍ မဏိရတနာ ကျောက်စိမ်းခန်းမအနီး၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် မဏိရတနာ ကျောက်စိမ်းခန်းမမှ နံနက် ၁၀ နာရီ မိနစ် ၂၀တွင် ပြန်လည်ထွက်ခွာသွားသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ ၁၆၉၃၉ တွဲ၊ ကျောက်မျက်အတွဲ ၂၀၆ တွဲ၊ ပုလဲအတွဲ ၂၅၅ တွဲ ပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲသို့နိုင်ငံပေါင်း ၂၀ မှ ကျောက်မျက်ရတနာကုန်သည် ၅၀၀၀ ကျော်ကို ဖိတ်ကြားထားပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကျောက်မျက်ရတနာ ကုန်သည် ၄၀၀၀ ခန့် လာရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။**နေ့အပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ မုံရွာမြို့၊ မကွေးမြို့နှင့် ပြည်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၉ ရက် ညနေထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပဉ္စမမျိုးဆက်ဂျက်တိုက်လေယာဉ် တည်ဆောက်မှုပြိုင်ပွဲ ဂျပန်နိုင်ငံလည်းပါဝင်လာ

တိုကျို မတ် ၈

ရန်သူ၏ထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်သည့် ပဉ္စမမျိုးဆက်ဂျက်တိုက်လေယာဉ်များ တည်ဆောက်မှု ပြိုင်ပွဲ၌ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ်တို့နှင့်အတူ ဂျပန်နိုင်ငံလည်း ပါဝင်လာပြီဖြစ်ကြောင်း ဂျပန်လေတပ် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၇ ရက်တွင် ပြောကြားသည်။

ဂျပန်လေတပ်၏ ပထမဆုံး ပဉ္စမမျိုးဆက် ဂျက်တိုက်လေယာဉ် စမ်းသပ်ပျံသန်းမှုကို လာမည့်သုံးနှစ်အတွင်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန လေတပ်ဖွံ့ဖြိုးရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဟီဒေယူကီယိုရှီအိုကာက အေပီသတင်းဌာနသို့ ပြောကြားသည်။

ပဉ္စမမျိုးဆက် ဂျက်တိုက်လေယာဉ်တည်ဆောက်ရန် ကြိုးပမ်းခြင်းဖြင့် ဂျပန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာဒေသကို လေတပ်အင်အားဖြင့် လွှမ်းမိုးနိုင်ရေးပြိုင်ပွဲအတွင်း ငွေကြေးအရရော၊ နည်းပညာအရပါ မြင့်တင်ပါဝင်လာကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ နည်းပညာအရ အဆင့်အမြင့်ဆုံး ပဉ္စမမျိုးဆက် ဂျက်တိုက်လေယာဉ်ဖြစ်သော အက်ဖ်-၂၂ ရက်ပ်တာတိုက်လေယာဉ်များကို ဝယ်ယူရရှိနိုင်ဖွယ်မရှိခြင်းကြောင့် ဂျပန်နိုင်ငံသည် ၂၀၀၉ခုနှစ်ကတည်းကပင် ပဉ္စမမျိုးဆက်ဂျက်တိုက်လေယာဉ်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စီမံချက်အတွက် အမေရိကန်ဒေါ်လာ ၄၇၃သန်း မြှုပ်နှံထားကြောင်း ဗိုလ်မှူးချုပ် ယိုရှီအိုကာက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ပဉ္စမမျိုးဆက်ဂျက်တိုက်လေယာဉ်ကို ရှင်းရှင်း(ဝိညာဉ်)ဟု အမည်ပေးထားကြောင်း၊ သို့ရာတွင် ၂၀၁၄ခုနှစ်တွင် ပြုလုပ်နိုင်ဖွယ်ရှိသည့် စမ်းသပ်ပျံသန်းမှုအောင်မြင်ခဲ့ပါက ယင်းတိုက်လေယာဉ် အမျိုးအစားများ ဆက်လက်ထုတ်လုပ်ရေးကို ၂၀၁၆ ခုနှစ်တွင်မှ ဆုံးဖြတ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ အက်ဖ်-၂၂တိုက်လေယာဉ်နှင့် တန်းတူယှဉ်ပြိုင်နိုင်မည့် ပဉ္စမမျိုးဆက် တိုက်လေယာဉ်များကို တည်ဆောက်စမ်းသပ်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်သည်။ **အေပီ။**

ဂွါတာနာမို အကျဉ်းသားများကို တရားစီရင်မှု ပြန်လည်စတင်မည်

ဝါရှင်တန် မတ် ၈

ကျူးဘားနိုင်ငံ ဂွါတာနာမို ပင်လယ်အော် အကျဉ်းထောင်မှ အကြမ်းဖက်သမားများအဖြစ် သံသယရှိရသူများကို စစ်ဘက်ဆိုင်ရာ တရားရုံး၌ တရားစွဲဆိုမှုများ ပြန်လည်စတင်ရန် အမိန့်အာဏာတစ်ရပ်အား အမေရိကန်သမ္မတ ဘာရက်အိုဘားမားက မတ် ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဂွါတာနာမို အကျဉ်းထောင်ကိစ္စသည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားအတွက် နိုင်ငံရေး၊ အမျိုးသားလုံခြုံရေးတို့နှင့် နီးနွယ်နေသော ခေါင်းခဲဖွယ်ပြဿနာတစ်ရပ်ဖြစ်သည်။

အမေရိကန်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်စဉ်က ဂွါတာနာမိုအကျဉ်းထောင်ကို တစ်နှစ်အတွင်း ပိတ်သိမ်းမည်ဖြစ်ကြောင်း သမ္မတဘာရက်အိုဘားမားက ကတိကဝတ်ပြုခဲ့သော်လည်း အကောင်အထည်ပေါ်ခဲ့ခြင်း မရှိပေ။

သမ္မတဘာရက်အိုဘားမား၏ အမိန့်အာဏာအသစ်အရ ပထမဆုံးလုပ်ဆောင်မည့် ဂွါတာနာမို အကျဉ်းသားများအား တရားစီရင်မှု၌ ၂၀၀၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ်ကိုး ဗုံးခွဲတိုက်ခိုက်ခံရမှုကို ကြိုးကိုင်ခဲ့သူအဖြစ် ယူဆရသည့် ယီမင်ဖွားဆော်ဒီအာရေဗျနိုင်ငံသား အယ်လ်နာရှီရီကိုလည်း ထည့်သွင်းစီရင်မည်ဖြစ်သည်။

ဂွါတာနာမို အကျဉ်းစခန်းအတွင်းပိုင်းကို တွေ့ရစဉ်။

ယင်းအပြင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကို စီစဉ်ခဲ့သည်ဟု ယူဆရသည့် ခါလစ်ရှိတ် မိုဟာမက်အပါအဝင် အဆိုပါ အကြမ်းဖက်မှု၌ ကြံရာပါအဖြစ် သံသယရှိသူအများအပြားကိုလည်း အမေရိကန်သမ္မတ၏ အမိန့်အရ တရားစွဲဆိုမည်ဖြစ်သည်။ **အေပီ။**

ပါကစ္စတန်အရှေ့ပိုင်း ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀ သေဆုံး

အစ္စလာမ္မာဘတ် မတ် ၈

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် အလယ်ပိုင်းရှိ ဓာတ်ငွေ့ဆိုင်တစ်ဆိုင်၌ အစ္စလာမ္မစ်စစ်သွေးကြွများ၏ လက်ချက်အဖြစ် ယူဆရသော ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၀ သေဆုံး၍ ၁၂၇ ဦး ဒဏ်ရာရခဲ့ကြောင်း မတ် ၈ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ကားဗုံးပေါက်ကွဲမှုသည် ပန်ဂျပ်ပြည်နယ်အလယ်ပိုင်း ချည်ထည်လုပ်ငန်းထွန်းကားရာ ဖိုင်ဆလာဘတ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသော ကားဗုံးတိုက်ခိုက်မှုကြောင့် ဓာတ်ငွေ့ဆိုင်တစ်ဆိုင်နှင့် ပါကစ္စတန်လေကြောင်းလိုင်း ရုံးဌာနတစ်ခု ပျက်စီးခဲ့ရသည်။ **(အောက်ပုံ)**

ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု၏ အဓိကပစ်မှတ်သည် ပါကစ္စတန်ပြည်တွင်း ထောက်လှမ်းရေး အေဂျင်စီဖြစ်ကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပါကစ္စတန် ပြည်တွင်းထောက်လှမ်းရေး အေဂျင်စီ (အိုင်အက်စ်အိုင်)သည် ပါကစ္စတန်၏ အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွများအား နှိမ်နင်းမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

အစ္စလာမ္မစ် စစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံ၏ အရပ်ဘက်၊ စစ်ဘက်နှင့် စီးပွားရေးဆိုင်ရာ ပစ်မှတ်များကို ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် ပါကစ္စတန်အစိုးရအဖွဲ့ပြုတ်ကျစေရန် လုပ်ဆောင်လျက်ရှိသည်။ **အေပီ။**

နိုင်ငံရေးရန်ပုံငွေ တရားမဝင်လက်ခံခဲ့သူ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ထွက်

တိုကျို မတ် ၈

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆေးဂျိမေဟာရာသည် မတ် ၇ ရက်တွင် ရာထူးမှနုတ်ထွက်လိုက်ရပြီဖြစ်သည်။ ၎င်းသည် နိုင်ငံခြားသားတစ်ဦးထံမှ တရားမဝင်လှူဒါန်းငွေတစ်ရပ်ကို လက်ခံခဲ့သည်ဟု ဝန်ခံခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်လိုက်ရခြင်းဖြစ်သည်။

တွေ့ကြုံနေရ

နိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ထွက်ခြင်းဖြင့် ဂျပန်အစိုးရအဖွဲ့မှာ အကျပ်အတည်းတစ်ရပ်နှင့် တွေ့ကြုံနေရသည်။

မေဟာရာသည် ဂျပန်နိုင်ငံ၌ အခြေစိုက်နေထိုင်သော တောင်ကိုရီးယားနိုင်ငံသားတစ်ဦးထံမှ ၂၀၀၅ ခုနှစ်မှစ၍ ယန်းငွေ ၂၅၀,၀၀၀ လက်ခံရရှိခဲ့သည်ဟု အစောပိုင်းတွင် ထုတ်ဖော်ဝန်ခံခဲ့သည်။

မိမိသည် နိုင်ငံရေးရန်ပုံငွေ တရားမဝင်လှူဒါန်းသူ မည်သူမည်ဝါဖြစ်သည်ကို မသိရှိခဲ့ဟု မေဟာရာက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ပြီးချိန်အထိ ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယူကဲအိုအီဒါနိုက နိုင်ငံခြားရေးဝန်ကြီးရာထူးကို ပူးတွဲထမ်းဆောင်မည်ဖြစ်ကြောင်း မီဒီယာများက ထုတ်လွှင့်သည်။

ထင်ကြေးပေး

မေဟာရာသည် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ လုံခြုံရေးဆက်ဆံမှုခိုင်မာတိုးတက်ရန် လိုလားသူဖြစ်ပြီး ဝန်ကြီးချုပ်နာအိုတိုခန်း၏ ရာထူးနေရာကို ဆက်ခံမည့်ပုဂ္ဂိုလ်အဖြစ် ထင်ကြေးပေးပြောဆိုခဲ့ကြသည်။

ဂျပန်နိုင်ငံ၏ နိုင်ငံရေးရန်ပုံငွေဆိုင်ရာဥပဒေအရ နိုင်ငံခြားသားများထံမှ လှူဒါန်းငွေများကို လက်ခံခွင့်မရှိပေ။ အစိုးရအဖွဲ့၏ မူဝါဒအပေါ် နိုင်ငံခြားသားများ၏ အကျိုးစီးပွားများဩဇာသက်ရောက်ခံရခြင်းမှ တားဆီးကာကွယ်ရန် ယင်းဥပဒေက ရည်ရွယ်သည်။ **အင်တာနက်။**

အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးတပ်ဖွဲ့များဆက်လက်ထားရှိရန်လိုအပ်

ဆာတာဗာ(အနောက်ဘက်ကမ်း) မတ် ၈

အရှေ့အလယ်ပိုင်းဒေသ အနာဂတ်ငြိမ်းချမ်းရေးသဘောတူညီချက်များ၏ ခွင့်ပြုချက်ဖြင့် အစ္စရေးနိုင်ငံသည် အနောက်ဘက်ကမ်းဒေသရှိ မဟာဗျူဟာ အချက်အချာဒေသတစ်ခုကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အင်္ဂါနေ့တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ လုံခြုံရေးသည် အစ္စရေးနှင့်ဂျော်ဒန်နယ်စပ်တစ်လျှောက်ရှိ အနောက်ဘက်ကမ်း ဒေသအပိုင်ဖြစ်သော ဂျော်ဒန်တောင်ကြားဒေသ၌ အစ္စရေးတပ်ဖွဲ့များချထားနိုင်မှုအပေါ် မူတည်ကြောင်း ဘင်ဂျမင်နေတန်ယာဟုက ပြောကြားသည်။

ဂျော်ဒန်တောင်ကြားဒေသ၌ အစ္စရေးတပ်ဖွဲ့များ ချထားခြင်းမရှိပါက အနောက်ဘက်ကမ်းဒေသသို့ စစ်သွေးကြွများက လက်နက်ခဲယမ်းများ မှောင်ခိုတင်ပို့မည့်အန္တရာယ်ကို စိုးရိမ်ရကြောင်း အစ္စရေးဝန်ကြီးချုပ်က ဆိုသည်။

ဂျော်ဒန်တောင်ကြားဒေသသည် အစ္စရေးနိုင်ငံ၏ လုံခြုံရေးအတွက် ကာကွယ်ရေးမျဉ်းဖြစ်ကြောင်း၊ ယင်းနယ်မြေသည် အစ္စရေးနိုင်ငံ၏အနာဂတ်အတွက်အရေးကြီးသောကြောင့် အစ္စရေး စစ်ဘက်အနေဖြင့် ထိန်းချုပ်ထားရန်လိုအပ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။

အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်ကို အနောက်ဘက်ကမ်းဒေသတစ်ခွင်လုံး၊ အရှေ့ဂျေရုဆလင်နှင့် ဂါဇာကမ်းမြောင်ဒေသတို့ဖြင့်ဖွဲ့စည်းတည်ထောင်ရန် ပါလက်စတိုင်းတာဝန်ရှိသူများက ရည်မှန်းထားသည်။ အစ္စရေးဝန်ကြီးချုပ်၏ အဆိုကို ပါလက်စတိုင်းတို့က လက်ခံနိုင်ဖွယ်မရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ **အေပီ။**

လှောင်ချိုင့်စံတို့ပဋိပက္ခ-ခြင်္သေ့တစ်ကောင် အသက်စွန့်ခဲ့ရ

အင်ကာရာ မတ် ၈

တူရကီနိုင်ငံ အင်ကာရာမြို့တော်ရှိ အင်ကာရာတိရစ္ဆာန်ဥယျာဉ်၌ ခြင်္သေ့တစ်ကောင်ကို ဘင်ဂေါလ်ကျားတစ်ကောင်က ကုတ်ဖဲ့သတ်ဖြတ်ခဲ့ကြောင်း မတ် ၇ ရက်သတင်းများတွင် ဖော်ပြသည်။

သားရဲလှောင်အိမ်များအကြား ပိုင်းခြားထားသော စည်းရိုးကျိုးပေါက်မှုဖြစ်ပေါ်ရာမှ အစပြု၍ ကျားနှင့်ခြင်္သေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အင်ကာရာတိရစ္ဆာန်ဥယျာဉ် တာဝန်ရှိသူများက ပြောကြားသည်။ ဘင်ဂေါလ်ကျား၏ လက်သည်းကုတ်ချက်ကြောင့် ခြင်္သေ့၏လည်ပင်းသွေးပြန်ကြောကွဲထွက်ကာ သွေးလွန်သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ခြင်္သေ့နှင့်ကျားတိုက်ပွဲသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလ ၄ ရက်က ဖြစ်ပွားခဲ့သော်လည်း အကြောင်းအချက်အလက်အပြည့်အစုံကို ယခုမှ ထုတ်ပြန်ခြင်းဖြစ်သည်။

အင်ကာရာတိရစ္ဆာန်ရုံ၌ လက်ရှိတွင် ကျားခြောက်ကောင်နှင့် ခြင်္သေ့နှစ်ကောင် ကျန်ရစ်ပြီး လာရောက်ကြည့်ရှုသူများအတွက် လုံခြုံမှုအပြည့်အဝရှိကြောင်း တိရစ္ဆာန်ဥယျာဉ်တာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

လျှင်ဒဏ်ကြောင့် လိမ့်ဆင်းခဲ့သည့် ကျောက်တုံးကြီး နယူးဇီလန်နိုင်ငံသား လေလံတင်ရောင်းချ

ဝယ်လင်တန် မတ် ၈ - ဖေဖော်ဝါရီ ၂၂ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်ကိုခံစားခဲ့ရသည့် နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့သားတစ်ဦးသည် ၎င်း၏နေအိမ်ကို ကြိတ်ခြေခဲ့သော အိမ်စီးမော်တော်ယာဉ်ပမာဏမျှရှိသည့် ကျောက်တုံးကြီး **(အောက်ပုံ)** ကို အင်တာနက်မှတစ်ဆင့် လေလံတင်ရောင်းချလျက်ရှိကြောင်း မတ် ၈ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ကျောက်တုံးကြီးကိုရောင်းချနိုင်ရန် ကြမ်းခင်းဈေးအဖြစ် အမေရိကန်ဒေါ်လာ ၄၄၃၀၀ သတ်မှတ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် တန် ၃၀ အလေးချိန်ရှိသော ကျောက်တုံးကြီးသည် မိမိနေအိမ်ကို စီးမိုးနေသော တောင်ကုန်းပေါ်မှ လိမ့်ဆင်းလာကာ အိမ်ခေါင်မိုးကို ကြိတ်ခြေခဲ့ကြောင်း ခရစ်ချပ်ချ်မြို့သား ဖီးလ်ဂွန်ဆင်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့အနီး လှုပ်ခတ်ခဲ့သော အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ ငလျင်ကြောင့် ခရစ်ချပ်ချ်မြို့တွင်းရှိ အဆောက်အအုံ ၁၀၀၀၀ ကျော်ပျက်စီးခဲ့ရပြီး လူပေါင်း အနည်းဆုံး ၁၆၆ ဦး သေဆုံးခဲ့ရသည်။ နယူးဇီလန်နိုင်ငံ၏ အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်အဖြစ် စာရင်းဝင်ခဲ့သော အဆိုပါ မြေငလျင်ကြောင့် ခရစ်ချပ်ချ်မြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကုန်ကျမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ခန့်မှန်းထားသည်။ **အေပီ။**

အိုအေစစ်ဟိုတယ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၈

အိုအေစစ်ဟိုတယ် (The OASIS Hotel) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အဆိုပါဟိုတယ်မျက်နှာစာ၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့် Palm Tree Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အိုအေစစ်ဟိုတယ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းညွန့်က Chinese Restaurant ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် အိုအေစစ်ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဖွဲ့စည်းတည်ဆောက်

အဆိုပါ အိုအေစစ်ဟိုတယ်ကို မြေအကျယ်အဝန်း ၂၄ ဧက ပေါ်၌ တည်ဆောက်ထားပြီး အိပ်ခန်းပေါင်း ၃၈ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အိပ်ခန်း ၃၈ ခန်းတွင် Suite Room ၂၂ ခန်းနှင့် Deluxe Room ၁၆ ခန်းတို့ ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးစိုးနိုင်နှင့် Palm Tree Co., Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ အိုအေစစ်ဟိုတယ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ယာပုံ) **နှင့် အိုအေ စစ်ဟိုတယ် (The OASIS Hotel) ကို တွေ့ရစဉ်။**(အောက်ပုံ)
(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၈

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၁၀)တွင် မြန်မာပုဂ္ဂလိကသတင်းမီဒီယာအဖွဲ့ ပါကစ္စတန်နိုင်ငံ ပြန်ကြားရေးနှင့် အသံလွှင့်လုပ်ငန်းဝန်ကြီးနှင့်တွေ့ဆုံ၊ အထူးစက်မှုဇုန်ဥပဒေထုတ်ပြန်ပြီးနောက် တောင်ကိုရီးယားကုမ္ပဏီ ၉၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံရန်စီစဉ်၊ ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေကို သီးခြားထုတ်ပြန်ကြေညာ၊ ကမ်းရိုးတန်းစီဒီအမ်အေ ၄၅၀ စနစ်သုံးဖုန်းများ အင်တာနက်သုံးနိုင်တော့မည်၊ "ရာသီဥတု အပူအအေးပြောင်းလဲမှုနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ" ကျန်းမာရေးသုံးသပ် ဆောင်းပါး၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "စီးပွားရေးပိတ်ဆို့မှုနှင့် သူတို့အမြင်" အကြောင်း၊ "ဂီတကို အချိန်ပြည့်လုပ်ခဲ့တဲ့သူတွေကို စံနမူနာယူပြီးလုပ်ကြရင် တစ်ချိန်ချိန်မှာ နေရာလေးတစ်ခုတော့ရမှာပါ" လေးဖြူနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

လျှပ်စစ်စွမ်းအင်လိုအပ်ချက်ပြည့်မီရန် ထိုင်းအစိုးရဆောင်ရွက်နေ၊ အီရန်ဈျူကလီးယားစက်ရုံသစ်ကို စစ်ရေးအတွက်အသုံးပြုနိုင်ဟု ဈျူစောင့်ကြည့်ရေးအဖွဲ့ စိုးရိမ်နေ၊ "ပါးစပ်သေနတ်ပစ်သည့် အမျိုးသမီး ထိန်းသိမ်းခံရ" မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မတ် ၁ ရက်က မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ မဟာဗန္ဓုလလမ်းဘေးဝဲ၊ ယာ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်အောင် အနီးကပ်ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် မတ် ၈

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်နှစ်သက်တမ်း အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) တည်ရှိရာ အမှတ်(၀၀၁) (A+B) တိုက်အမှတ်(၁၄) ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ၊ အသင်းဝင်လိုသူများနှင့်ခရမ်းဇာတိဖွား မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ ခရမ်းဇာတိဖွားများထဲမှ လူပုဂ္ဂိုလ်ဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် တက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိသူများ အနေဖြင့် အသင်းရုံး ဖုန်း-၀၁-၅၄၉၃၃၉ သို့ ဆက်သွယ်သတင်းပေးပို့ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၃၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၈

၂၀၁၁ ခုနှစ် (၃၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ (၉)မိုင် မြန်မာဂေါက်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင် အားကစားအသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ မြန်မာဂေါက်သီးရိုက်အသင်းမှ Club Captain ဦးစိုးဝင်းတို့က အမှတ်(၁)တီခုံမှ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ယနေ့ကျင်းပမည့် ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကြသည်။

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်း ၁၅ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၃၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (အား/ကာ)



Junction Centre Nay Pyi Taw တိုး‌ချဲ့ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ ကုန်ပစ္စည်းအမျိုးအစားပေါင်း ၅၀ ကျော်ကို စုံလင်စွာရောင်းချမည့် ဆိုင်ခန်းပေါင်း ၄၇ ခန်း ပါဝင်

ဖွင့်လှစ်

ဝန်ကြီး ဦးသိန်းညွန့် Junction Centre Nay Pyi Taw တိုးချဲ့ အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

နေပြည်တော် မတ် ၈

နေပြည်တော် ဟိုတယ်ဇုန်ရှေ့ ရာဇသင်္ဂဟလမ်းမပေါ်ရှိ Junction Centre Nay Pyi Taw တိုးချဲ့ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တိုးချဲ့ဆောင်မျက်နှာစာရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Junction Centre အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် Junction Centre အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့က တိုးချဲ့အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က Junction Centre Nay Pyi Taw တိုးချဲ့အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် Junction Centre အတွင်းရှိ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမျိုးအစားစုံလင်

ယခုဖွင့်လှစ်သည့် Junction Centre Nay Pyi Taw တိုးချဲ့အဆောက်အအုံသည် ဧရိယာစတုရန်းပေ ၄၀၀၀၀ ကျယ်ဝန်း၍ အထပ်သုံးထပ်ပါဝင်ပြီး ကုန်ပစ္စည်းအမျိုးအစားပေါင်း ၅၀ ကျော်ကို စုံလင်စွာရောင်းချမည့် ဆိုင်ခန်းပေါင်း ၄၇ ခန်း ပါဝင်သည်။

ဆိုင်ခန်းများ

ပထမထပ်တွင် European Style, Chinese Style, Thai Style, မြန်မာတိုင်းရင်းသား စားသောက်ဆိုင်နှင့် Bakery & Cafe Shop တို့ပါဝင်၍ ဒုတိယထပ်တွင် Luxury & Premium Fashion, Silk Wear, Shoes & Bags, Glasses & Watches, Jewelry, Perfume, Cosmetic and Fashion Accessories တို့ပါဝင်ပြီး တတိယထပ်တွင် Lady Fashion, Men Fashion, Kid Fashion & Toy and Service Shops (Wedding & Photo Studio, Spa, Phone/ IT Accessories and Game Centre) တို့ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် Junction Centre အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့ Junction Centre Nay Pyi Taw တိုးချဲ့အဆောက်အအုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဟိုတယ်ဇုန်ရှေ့ ရာဇသင်္ဂဟလမ်းမပေါ်ရှိ Junction Centre Nay Pyi Taw ကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၅ ၉။ "ချစ်လွန်းလို့"
၈း၃၀ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ (၂၀၁၂)လန်ဒန်အိုလံပစ်ပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအိုလံပစ်လက်ရွေးစင် အသင်းနှင့်အိန္ဒိယအိုလံပစ် လက်ရွေးစင်အသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅ ၆။ ရွှေရင်ခုန်သံ
၇း၁၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၄၅ ၈။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၆)
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၄၂)**
၁၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "မျက်စိတစ်မှိတ်" (မင်းမော်ကွန်း၊ နန္ဒ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-အောင်ဗပါဝါ)**
၁၅။ အစီအစဉ်ပြီး၏။

ကြည့်ရှုအားပေး

ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ Junction Centre အတွင်းရှိ ဆိုင်ခန်းများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစာမျက်နှာ - ၆)
(သတင်းစဉ်)

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပင်မဆောင် စာစစ်ဌာနနှင့် နောင်ရိုးဆောင် စာစစ်ဌာနများ၌ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ စာမေးပွဲရုံးလုပ်ငန်းများ၊ စာဖြေခန်းများ၌ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသော ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက် ကျေးဇူးတင်စကား ပြောကြားသည်။

ထိုမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီအခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ မြို့လှ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ ရောက်ရှိပြီး စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများအား စာမေးပွဲလုပ်ငန်းကို စည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့အား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလ ကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀ စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ ဒသမ ၅ ကီလိုထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်းသုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ သုံး၊ လေး နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ်အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာအုပ်စာပေ
လူ့မိတ်ဆွေ

အထက(၁) ဒဂုံ (၁၉၇၅-၂၀၁၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၈

အထက(၁) ဒဂုံ(၁၉၇၅-၂၀၁၀) ခုနှစ်အတွင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံသီရိခန်းမ၌ လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ဗဟန်းမြို့နယ် Dolphin စားသောက်ခန်းမ၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို သီရိမာ ဖုန်း-၀၉-၅၀၂၁၂၄၁၊ ဇော်မင်းဦး ဖုန်း-၀၉-၅၀၀၂၅၇၁၊ ဝင်းစန္ဒာကြီး ဖုန်း-၀၉-၅၁၈၉၂၀၀၊ ကျော်စွာဝင်း ဖုန်း-၀၉-၅၁၁၂၃၃၊ အောင်ကိုကို ဖုန်း-၀၉-၅၄၀၄၅၄၅၊ အောင်သူထွန်း ဖုန်း-၀၉-၈၆၁၄၈၀၀၊ လှမျိုးထွန်း ဖုန်း-၀၉-၅၀၆၂၈၅၀၊ ချိုလေးလွင် ဖုန်း-၀၉-၄၉၂၁၂၅၅၀၊ အေးအေးမျိုး ဖုန်း-၀၉-၅၀၃၄၈၇၆၊ သားစိုး ဖုန်း-၀၉-၅၁၄၀၂၁၀၊ ကျော်သူစိုး ဖုန်း-၀၉-၈၆၃၆၉၆၀နှင့် ရဲမင်းလွင် ဖုန်း-၀၉-၅၅၀၄၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အထက(၁) မိသားစု စုံညီပွဲတော်တွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်အဆင့် စတုတ္ထတန်းတွင် ဘာသာစုံထူးချွန်ဆုရရှိသော အမက(၁)ကဲ့ကော်မှ မနှင်းလှိုင်လှိုင်ဝေအား မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး ဆုချီးမြှင့်စဉ်။

(မြို့နယ်စည်ပင်)

အလက(၅)မရမ်းကုန်း (ယခင် အမက-၃၊ မရမ်းကုန်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

အလက(၅) မရမ်းကုန်း (ယခင် အမက-၃၊ မရမ်းကုန်း)တွင် ပညာသင်ကြားပေးခဲ့သည့် အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား တပည့်များက ပူဇော်ကန်တော့ပြီး ဆရာကြီး၊ ဆရာမကြီးများအချင်းချင်း ပြန်လည်ဆုံတွေ့နိုင်စေရန် ရည်ရွယ်လျက် ကန်တော့ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးမြကြွယ် ဖုန်း-၇၃၀၇၇၁၈၄၊ ဦးကြည်ဝင်းလှိုင် ဖုန်း-၇၃၀၈၅၉၁၅၊ ဒေါ်ခင်စိုးသူ ဖုန်း-၀၉-၅၁၇၅၁၁၄၊ ၆၅၅၇၄၆၊ ဒေါ်စန္ဒာဦး ဖုန်း-၆၆၁၉၂၄၊ အလက(၅) မရမ်းကုန်း ဖုန်း-၆၆၁၇၈၉၊ ကိုမြင့်ကိုကို ဖုန်း-၀၉-၅၀၈၀၂၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ရှည်လျားတဲ့ဘဝသံသရာ" တရားတော် (ဆရာတော်ဦးယောသိတ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၃၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၄)**
၈း၄၀	Activities In The City [အ. ထ. က(၂)မရမ်းကုန်း (စိန်ဂျူဗလီအကယ်ဒမီ)၏ အာစရိယပူဇော်ပွဲ]
၈း၅၅	စာအုပ်စာပေလူ့မိတ်ဆွေ "စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်နှင့် တွေ့ဆုံဆွေးနွေးခန်း"
၉း၁၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၉း၄၀	အားကစားမြင်ကွင်းစုံ (ရွှေမင်းသားဖောင်ဒေးရှင်း ရန်ပုံငွေခြေစမ်းပွဲကြိုတင်ပြင်ဆင်မှုအနေအထားများ) (သူထူးစံ၊ ဇာနည်၊ ဝေမင်းမောင်)
၁၀း၁၅	မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၃) (အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁၀း၃၅	ဓာတ်ပုံထဲမှအမှတ်တရများ (မေသူ)
၁၁း၀၅	သင်ယူလေ့လာဂီတပညာ (CLASSIC PIANO) (Part-13)
၁၁း၃၀	Activities In The City (ဓာတ်ခွဲကျွမ်းကျင်-၃ ကျောင်းသား/ သူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၁း၅၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	မင်းဘူး(စကု)မြို့နယ်မှ မန်းရွှေစက်တော်ဘုရားကြီး ခြေတော်ရာဖွင့်ပွဲ အခမ်းအနား
၁၂း၃၅	သံသရာငြိမ်းအေးစတုမုခဇေယျ သိဒ္ဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်
၁း၀၀	"ရှည်လျားတဲ့ဘဝသံသရာ" တရားတော် (ဆရာတော်ဦးယောသိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (သူငယ်ချင်းချင်းယောက်ဖ တော်တာကောင်းတယ်၊ သူငယ်ချင်းချင်းယောက်ဖ မတော်တာကောင်းတယ်)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၇)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၄)**
၅း၀၀	Activities In The City (သဇင်၏"ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ" စီးရီးမိတ်ဆက်အခမ်းအနား)
၅း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Grand Wynn မိသားစုမှ အများဆုံးဖြန့်ဖြူးရောင်းချပေးတဲ့ အရောင်းကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များအားဂုဏ်ပြုပွဲ)
၅း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် (တရုတ်နှစ်သစ်ကူးပွဲတော်ရိုးရာခြင်္သေ့၊ နဂါးအကပြိုင်ပွဲဆုပေးပွဲ)
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၈)**
၇း၂၀	Cartoon Show Time (Dragon Hunters)
၈း၀၀	MRTV-4 သတင်း
၈း၃၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကီလီရိပ်သာလမ်းက ဝါးတန်းအိမ်ရာ)
၈း၅၀	Celebrity Style (ရန်ရန်ချမ်းနှင့်ချိုလီ)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၅)**
၁၀း၁၀	သင်ကြားရေးလမ်းညွှန် (AST Aung Seamanship Training Centre)
၁၀း၃၀	အန္တရာယ်ကင်းကွမ်းရွက်လိမ်းဆေး
၁၀း၅၀	World of Knowledge (Mega Fish)
၁၁း၄၀	မောမြေရဲ့အမောပြေ (ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်)
၁၁း၄၅	အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၁၂း၀၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂)
၁၂း၃၀	ငှက်ပြတိုက် (လှော်ကားဥယျာဉ်)
၁၂း၄၀	လှပချစ်စရာ လက်မှုအနုပညာ (Pretty In Day & Night)
၁း၁၀	ခါတလှည့်. . . လာလှည့်ပါ ဆိပ်ခွန်ရွာ. . .
၁း၂၀	Shooting Location (မျက်ခြယ်ခြံ)
၁း၄၅	စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်အားကစား)
၂း၀၅	ဒို့တိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွားဧရာဝတီရဲ့ငါး)
၂း၂၅	နှလုံးသားရဲ့ခံစားမှုတိုင်းကို မှတ်တမ်းတင်စေမယ့် 7 Picture
၂း၅၀	ပြင်ဦးလွင်သို့အလည်တစ်ခေါက်
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ရိုးရာအစဉ်အလာ. . . ယဉ်ကျေးမှုအဖြာဖြာ. . . ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
၄း၂၀	လမ်းညွှန်ပေးစက် GPS
၄း၃၅	မြူခိုးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
၄း၅၀	သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

☆ **ကျောဖုံးမှ**

ပင်ရင်းသိုက်များမှ တိုက်စားပို့ချပြီး ဖြစ်ပေါ်လာသော ကျောက်စိမ်းသိုက်များ (Secondary Deposits)ဟူသည် ပင်ရင်းသိုက် အငုတ်အကြောများမှ ဘူမိဖြစ်စဉ်အမျိုးမျိုးကြောင့် တိုက်စားပြုတ်ကျလာသည်တို့ကို မြစ်ချောင်းများက သယ်ဆောင်လာပြီး အခြားကျောက်များနှင့်အတူ ရောနှောပို့ချထားခြင်းဖြစ်သည်။ ဤပုံစံမျိုးကို ဖားကန့်ဝန်းကျင်ဒေသ၊ ဥရုမြစ်ကြောင်းတစ်လျှောက်၊ မိုးညှင်းမြို့နယ် နမ့်ချီးမှော်ဒေသနှင့် မော်လူးမြို့အနောက်ဘက် ကွေ့ကြီး-ထုံးတောင်ဒေသတို့တွင် တွေ့ရှိနိုင်သည်။

ကျောက်စိမ်းတွင် ဂျေဒိုက်ကျောက်စိမ်း (Jadeite-Jade)နှင့် နက်ဖရိုက်ကျောက်စိမ်း(Nephrite-Jade)ဟူ၍ နှစ်မျိုးရှိသည်။ သို့သော်လည်း ဂျေဒိုက်ကျောက်စိမ်းကိုသာလျှင် ကျောက်စိမ်းအဖြစ် သတ်မှတ်ထားပြီး အရည်အသွေးကောင်းသဖြင့် တန်ဖိုးကြီးသည်။ မြန်မာ့ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အလှပဆုံးနှင့် အဖိုးအတန်ဆုံး ကျောက်စိမ်းအမျိုးအစားဖြစ်သည်။

"မြန်မာ့ကျောက်စိမ်းရဲ့ အရည်အသွေးကောင်းမှုက ကမ္ဘာ့ကျောက်စိမ်းဈေးကွက်မှာ မြန်မာနိုင်ငံကို ဘယ်နိုင်ငံကမှ မယှဉ်နိုင်တာပါပဲ"

ဒေါက်တာရဲမြင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

ဂျေဒိုက်ကျောက်စိမ်းကို အစိမ်းရောင်အနေဖြင့်သာမက ပန်းရောင်၊ အညို၊ အနီ၊ လိမ္မော်၊ ခရမ်း၊ အပြာနှင့် အနက်ရောင်စသဖြင့် အရောင်အမျိုးမျိုး တွေ့ရှိရသည်။ ကျောက်စိမ်းကို အရောင်၊ အလင်းပေါက်နိုင်မှု၊ ကျောက်ဖွဲ့သား၊ အပြစ်အနာကင်းစင်ခြင်းစသည့် အချက်တို့ပေါ်မူတည်၍ အရည်ကျောက် (Imperiol Jade)၊ အထည်သည် တန်ဖိုးအကြီးဆုံးဖြစ်သည်။ ကျောက်စိမ်းတုံးကြီးတစ်ခုအတွင်းမှာပင် အရည်ကျောက်၊ အထည်ကျောက်နှင့် အသားကျောက်ဟူ၍ အမျိုးအစား သုံးမျိုးစလုံး ပါဝင်နိုင်သည်။ အရည်စွဲဝင်နေသော အစိတ်အပိုင်းကို အကြောငယ်ကလေးများအဖြစ် လည်းကောင်း၊ အစက်အပြောက်များအဖြစ် လည်းကောင်း တွေ့ရှိရသည်။ အထည်ကျောက်(Litility Jade)နှင့် အသားကျောက်(Commercial Jade)ဟူ၍ အတန်းအစား သုံးမျိုးခွဲခြားထားသည်။

ဂျေဒိုက်ကျောက်စိမ်းများအနက် မြစိမ်းရောင်ရှိပြီး တောက်ပကြည်လင်သည့်ကျောက်စိမ်း(Imperial Jade) ကျောက်အဖြစ် သတ်မှတ်ထားသော အတန်းအစားတွင်မူ အလင်းပေါက်မှုအတိုင်းအတာနည်းလာပြီး အစိမ်းရောင်သည်လည်း ညီညွတ်မှုမရှိတော့ဘဲ အပြောက်၊ အကွက်များ သဏ္ဍာန်ပါရှိနေသည်။ အသားကျောက်အဆင့်အတန်းတွင်မူ အစိမ်းရိပ်၊ အစိမ်းရောင် ကျန်ရှိခြင်း နည်းပါးသည်။

ကျောက်စိမ်းသည် အခြား စိန်၊ မြ၊ ပတ္တမြားစသည်တို့ကဲ့သို့ တွင်းထွက်ပုံဆောင်ခဲ(Single Mineral Crystal) အနေဖြင့် မတွေ့ရဘဲ ပိုင်ရောဆင်း (Pyroxene)တွင်းထွက် အုပ်စုဝင်ဖြစ်သည့် ဂျေဒိုက် ပုံဆောင်ခဲငယ်ကလေးများ တစ်ခုနှင့်တစ်ခု ပွတ်သိပ်ကျပ်ညပ်စွာ လက်ယှက်ထိုး ဖွဲ့စည်းထားသောကျောက် (Rock) တစ်မျိုးဖြစ်ကြောင်း အဏုကြည့် (Microscope) အောက်တွင် ဖြတ်ပိုင်းပါးများပြုလုပ်၍ ကြည့်ရှုပါက ထင်ရှားစွာ တွေ့နိုင်သည်။ သို့ဖြစ်၍ ကျောက်စိမ်းကို ထုထည်ကြီးမားသော အကြောအငုတ်ကြီးများ၊ ကျောက်စိမ်းတုံးကြီးများအဖြစ် တွေ့ရခြင်းဖြစ်သည်။

ကျောက်စိမ်းအတွင်း အမ်ဖီဖိုးအမျိုးအစား တွင်းထွက်များ၊ ခရိုမိုက်တွင်းထွက် အစက်အပြောက်များလည်း ရောထွေးပါဝင်နေသည်ကို တွေ့ရသည်။ ဂျေဒိုက်ကျောက်စိမ်း၏ အခြေခံဖွဲ့စည်းပုံမှာ ဆိုဒီယမ်အလူမီနီယမ်ဆီလီကိတ် (Na Al Si_2 O_6)ဖြစ်ပြီး သိပ်သည်းဆ (၃ ဒသမ ၃၃)၊ မာဆင့် (၇)ရှိသည်။

အရည်အသွေးကောင်းမွန်သော ဂျေဒိုက်ကျောက်စိမ်းကို ကမ္ဘာပေါ်၌ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ပေါ်များစွာတွေ့ရသည့် အကြောင်းရင်းမှာ ထူးခြားသည့် ဘူမိဖြစ်စဉ်ကြောင့် ဖြစ်ပေသည်။ ကျောက်စိမ်းသည် ဖိအားအလွန်မြင့်မားသည့် ကမ္ဘာ့မြေထုချပ်ကြီးများ ထိတိုက်ဆုံစည်းရာ အနားစွန်း (Convergent Plate boundaries) တို့တွင်သာ ဖြစ်ထွန်းနိုင်ပေသည်။

ကမ္ဘာပေါ်ရှိ တိုက်ကြီးများ၌ လွန်ခဲ့သည့်နှစ်သန်းပေါင်း ၂၀၀ ကျော်ခန့်က ယခုကဲ့သို့ အနေအထားအတိုင်း မဟုတ်မူဘဲ အားလုံးတစ်စုတည်း ဖြစ်နေသည့် ကြီးမားလှသော မဟာမြေထုချပ် (Pangaea)အဖြစ် ပေါင်းစုတည်ရှိနေခဲ့ကြသည်။ ယင်းကဲ့သို့ အားလုံးတစ်စုတည်းဖြစ်နေသည့် အခြေအနေမှ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၀၀ ခန့်မှ စတင်၍ တဖြည်းဖြည်း ကွဲထွက်ရွေ့လျားလာကာ လက်ရှိပုံစံ အနေအထားသို့ ရောက်ရှိဖြစ်ပေါ်နေခြင်းဖြစ်သည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ တည်နေရာသည် ယခင်အာဖရိကအရှေ့ဘက်ခြမ်းမှ ကွဲထွက်ရွေ့လျားလာသော အိန္ဒိယမြေထုချပ်(Indian Plate)နှင့် အာရှနှင့် ဥရောပပါဝင်သော ယူရေးရှားမြေထုချပ် (Eurasa Plate)တို့ ထိတိုက်မိရာနေရာ (Convergent boundaries) တွင် တည်ရှိနေသည်။ ယင်းသို့ မြေထုချပ်ကြီးနှစ်ခု ထိတိုက်မိရာနေရာတွင် ဖိအားအလွန်မြင့် အသွင်ပြောင်းရပ်ဝန်းဖြစ်တည်နေ၍ ကမ္ဘာတွင် ထူးခြားသည့် ကျောက်စိမ်းဖြစ်ထွန်းမှုကို မြန်မာနိုင်ငံ၌ တွေ့ရခြင်းဖြစ်ပေသည်။

ဘူမိဗေဒဆိုင်ရာ သုတေသနတွေ့ရှိချက်များအရ ကမ္ဘာ့မြေထုချပ်ကြီးများ တိုက်မိရာနေရာတွင် ဖိအားအလွန်မြင့်မား၍ ကျောက်စိမ်းသည် ကီလိုမီတာ အလွန်နက်သော နေရာတွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းမှတစ်ဆင့် ဘေးတိုက်ဖိအား မြင့်မားမှုကြောင့် လျောတင်တွန်းထုတ်ခြင်းခံရပြီး ကမ္ဘာ့အပေါ်ယံဘက်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဂျေဒိုက်ကျောက်စိမ်း တိုးဝင်ခြင်းခံရသော ဆာပင်တီနိုက်ကျောက်များသည်လည်း ဖိအားမြင့် အသွင်ပြောင်းခြင်း(High Pressure: metamorphism) ဒဏ်ကို ခံခဲ့ကြရသည်။ အဆိုပါ ဆာပင်တီနိုက် ကျောက်များ၏ ဘူမိသက်တမ်းကို (Late Creaceous-Early Eacene)လွန်ခဲ့သော နှစ်သန်းပေါင်း ၆၅ ဝန်းကျင်ဟု သတ်မှတ်ထားကြသည်။ ဤကဲ့သို့ ကမ္ဘာ့မြေထုချပ်ကြီးနှစ်ခု ထိတိုက်မိရာ (Collision) ကြောင့် တောင်တန်းများ မြင့်ကြွတက်မှုနှုန်းသည် အလွန်မြန်ဆန်၍ မြေပေါ်သို့ ပေါ်ထွက်လာသော ကျောက်စိမ်းအငုတ်အကြောကြီးများသည် ကျိုးပဲ့တိုက်စားခြင်းခံရပြီး အခြားကျောက်များနှင့်အတူ ပြန်လည်ပို့ချခြင်းခံရ၍ ကျောက်စိမ်းအတုံးကြီးများကို (Secondary Deposists) များအနေဖြင့် တွေ့ရှိတူးဖော်နေကြခြင်း ဖြစ်သည်။ ကချင်ပြည်နယ်မြောက်ပိုင်း အပါအဝင် ဟိမဝန္တာတောင်တန်းကြီး ဖြစ်ပေါ်နေခြင်းမှာလည်း ဤကမ္ဘာ့မြေထုချပ်ကြီးနှစ်ခု ထိတိုက်မိရာမှ ကျောက်လွှာများ တွန့်ခေါက် မြင့်တက်လာမှုကြောင့် ဖြစ်သည်။

ကျောက်စိမ်းဖြစ်ပေါ်မှု ရင်းမြစ်နှင့် ပတ်သက်၍ ရှေးယခင်သုတေသနပြုချက်များအရ ကျောက်စိမ်းသည် ဆိုဒီယမ်ကြွယ်ဝပြီး ဆီလီကာလျော့နည်းသော ဂရင်းနစ်ဆန်သည့် ကျောက်ရည်ပူမှ တိုက်ရိုက်တိုးဝင်အေးခဲသောဖြစ်စဉ်ဟု သတ်မှတ်ခဲ့ကြသည်။ အချို့ပညာရှင်များက ကျောက်စိမ်းဖြစ်ပေါ်ရာဝန်းကျင်တွင် ဖိအားမြင့် အသွင်ပြောင်းကျောက်ဖြစ်သော ဂလော်ကိုဖိန်းရှစ်ကျောက် (Glauco phane Schist)များ တွေ့ရှိရသည့် ဖြစ်စဉ်အပေါ်မူတည်၍ အယ်လ်ဗိုက် (Albite)သို့မဟုတ် နက်ဖလင်း (Nepheline)တွင်းထွက်များမှ ဖိအားအလွန်မြင့်သည့် အခြေအနေတွင် အသွင်ပြောင်းခံရခြင်းဖြင့် ဂျေဒိုက်ကျောက်စိမ်းဖြစ်ပေါ်နိုင်ကြောင်း တင်ပြခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာ့မြေထုချပ် နှစ်ခုထိတိုက်မိရာ အနားစွန်း (Plate Convergent boundary)ရှိ ဖိအားအလွန်မြင့်သော(Collision Zone)တွင်သာ ဖြစ်ပေါ်နိုင်သည့်အတွက် ယနေ့ ဘူမိသိပ္ပံပညာရှင်များက ဂျေဒိုက်ကျောက်စိမ်း တိုးဝင်ဖြစ်ပေါ်နေသော ဆာပင်တီနိုက် ကျောက်များကို Collisional Rock ဟူ၍ပင် ခေါ်ဝေါ်လျက်ရှိကြသည်။

ဂျေဒိုက်ကျောက်စိမ်းကို ဂွါတီမာလာနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားဒေသ၊ ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၌ အနည်းငယ်တွေ့ရသော်လည်း အရည်အသွေးအရ လည်းကောင်း၊ ကျောက်စိမ်းသိုက်ဖြစ်ထွန်းမှုပမာဏအရွယ်အစားအရ လည်းကောင်း မြန်မာ့ကျောက်စိမ်းကို မယှဉ်နိုင်သည့် အပြင် ဈေးကွက်တွင်လည်း ယှဉ်ပြိုင်နိုင်ခြင်းမရှိချေ။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျေ… ရတနာကုန်သည်များ ကျောက်စိမ်းအတွဲမျာ… ခဲ့ကြစဉ်။

ဒေါက်တာရဲမြင့်ဆွေသည် ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၄ ခုနှစ်က စီးပွားဖြစ်နှင့် သတ္တုတွင်း ဘူမိဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ တင်သွင်းခဲ့သူဖြစ်ပြီး သြစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုတို့သို့ ပညာတော်သင်သွားရောက်၍ ဓာတ်သတ္တုရှာဖွေရေးနှင့် သိပ္ပံသုတေသနဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်အသုံးချ ဘူမိဗေဒဌာန၌ ပါမောက္ခ (ညွှန်ကြားရေးမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက "ကျောက်စိမ်းက မြန်မာနိုင်ငံမှာပဲ အကောင်းဆုံးနဲ့ အများဆုံး ထွက်ရှိတော့ ဈေးကွက်တစ်ခုလုံးကို ချုပ်ကိုင်နိုင်တဲ့ အခွင့်အရေးမျိုးရှိတယ်။ တရုတ်နိုင်ငံလူဦးရေက ကမ္ဘာ့လူဦးရေရဲ့ ငါးပုံတစ်ပုံလောက်ရှိတာဆိုတော့ တရုတ်နိုင်ငံဈေးကွက် ရထားရင်ပဲ ကျောက်စိမ်းဈေးကွက်က တော်တော်ကျယ်ပြန့်နေပြီ။ အဓိကအားသာချက်က မြန်မာ့ကျောက်စိမ်းရဲ့ အရည်အသွေးကောင်းမှုက ကမ္ဘာ့ကျောက်စိမ်းဈေးကွက်မှာ မြန်မာနိုင်ငံကို ဘယ်နိုင်ငံကမှ မယှဉ်နိုင်တာပါပဲ" ဟု ပြောကြားသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ကျောက်စိမ်းကို တွေ့ရစဉ်။



၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

ဒေါက်တာရဲမြင့်ဆွေသည် ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၄ ခုနှစ်က စီးပွားဖြစ်နှင့် သတ္တုတွင်း ဘူမိဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ တင်သွင်းခဲ့သူဖြစ်ပြီး ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုတို့သို့ ပညာတော်သင်သွားရောက်၍ ဓာတ်သတ္တုရှာဖွေရေးနှင့် သိပ္ပံသုတေသနဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်ဘွဲ့လွန်အသုံးချ ဘူမိဗေဒဌာန၌ ပါမောက္ခ (ညွှန်ကြားရေးမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ကြီးမှူး၍ ၁၉၆၄ခုနှစ်မှ စတင်ကာ မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး မြန်မာ့ကျောက်စိမ်းကို ခင်းကျင်းပြသရောင်းချခဲ့ရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ (၄၇)ကြိမ်ရှိပြီဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ တက်ရောက်ကြသည့် ပြည်ပရတနာကုန်သည်များအနက် တရုတ်လူမျိုးရတနာကုန်သည်များက အများဆုံးဖြစ်ပြီး ကျောက်စိမ်းကို အဓိကထား ဝယ်ယူရန် လာရောက်ကြခြင်းဖြစ်သည်။ တရုတ်လူမျိုးများသည် မြန်မာနိုင်ငံမှ ထွက်ရှိသော ဂျေဒိုက်ကျောက်စိမ်းများကို ၁၈ ရာစုနှစ်များကပင် ဝယ်ယူတင်သွင်းခဲ့ကြသည်။ တရုတ်လူမျိုးများသည် ကျောက်စိမ်းကို အခြားတန်ဖိုးအရှိဆုံးကျောက်များနှင့် တန်းတူတန်ဖိုးထားကြပြီး ကျောက်များအားလုံး၏ အဓိပတိ အချုပ်အခြာကျောက်မျက်အဖြစ် မှတ်ယူကြသည်။

တရုတ်လူမျိုးများသည် ကျောက်စိမ်းကို ဆင်မြန်းသူတိုင်းတွင် သဒ္ဒါရက်ရောခြင်း၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်း၊ တရားမျှတသောစိတ်ဓာတ်ရှိခြင်း၊ မိမိကိုယ်မိမိနှိမ့်ချသော နိဝါတ တရားရှိခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်းဟူသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည်ဟု အယူရှိကြသည်။ တရုတ်လူမျိုးများက ကျောက်စိမ်းသည် ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံကို ဆက်သွယ်ပေးနိုင်သော ရတနာအဖြစ်မှတ်ယူကြကာ "ကောင်းကင်ဘုံများ၏ ကျောက်" (Stone of heavens)ဟု တင်စားပြောဆိုကြသည်။ သို့သော်လည်း တရုတ်နိုင်ငံတွင် ဂျေဒိုက်ကျောက်စိမ်း မထွက်ရှိဘဲ နက်ဖရိုက်ကျောက်စိမ်းသာ ထွက်ရှိသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၆၇၅၀ တက်ရောက်ခဲ့ကြပြီး ကျောက်စိမ်းအတွဲပေါင်း ၇၇၈၄ တွဲကို ဝယ်ယူခဲ့ကြသည်။ နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ပြပွဲဖြစ်သော်လည်း ပြည်ပ ရတနာကုန်သည်များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးအရည်အသွေးရှိသည့် မြန်မာ့ကျောက်စိမ်းကို ဈေးနှုန်းတန်ဖိုးအားဖြင့် ယခင်ပြပွဲများထက် စံချိန်တင် ဝယ်ယူခဲ့ကြလေသည်။

ယခုလက်ရှိ တူးဖော်ထုတ်လုပ်ရောင်းချနေသော မြန်မာ့ကျောက်စိမ်းတုံးအများစုမှာ ပင်ရင်းသိုက်မှ တိုက်စားပို့ချပြီး ဖြစ်ပေါ်လာသော Secondary Deposits များမှဖြစ်သည်။ နောင်အနာဂတ်တွင်လည်း မြန်မာ့ကျောက်စိမ်းကို ပြပွဲများကျင်းပ၍ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် အတွေးအမြင်သစ်များဖြင့် ဘူမိဗေဒ စူးစမ်းရှာဖွေတိုင်းတာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး ကျောက်စိမ်းသိုက်ဖြစ်ထွန်းရာနေရာများကို ထပ်မံရှာဖွေဖော်ထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ကျောက်စိမ်းကို တွေ့ရစဉ်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ကျောက်စိမ်းကို တွေ့ရစဉ်။

နီပေါနိုင်ငံ ကွန်ဂရက်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာ ကရစ်ရှနား၊ ပရာဆတ် ဘတ်တာရိုင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၈

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံသံရုံးသို့ သွားရောက်၍ မတ် ၄ ရက်တွင် ကွယ်လွန်ခဲ့သော နီပေါနိုင်ငံ ကွန်ဂရက်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာ ကရစ်ရှနား၊ ပရာဆတ် ဘတ်တာရိုင်းအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် နီပေါနိုင်ငံသံရုံး၌ နီပေါနိုင်ငံ ကွန်ဂရက်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာ ကရစ်ရှနား၊ ပရာဆတ် ဘတ်တာရိုင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်း အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သာကေတမြို့နယ်၏ ၂၀၁၀ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များ ပူဇော် ကန်တော့ပွဲအခမ်းအနားကို မတ် ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မင်းရိုးယဉ် (ဦးအောင်မင်း)က အဖွဲ့၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ရွှေစွန်ညို(ဦးခင်ဆွေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာပေပညာရှင် ၁၂ ဦးတို့ကို အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း ကန်တော့ကြ၍ ဒုတိယဥက္ကဋ္ဌ ရွှေမြိုင်ဘသန်းတင် (ဦးဘငြိမ်း)က ဆုတောင်းမေတ္တာပို့သကြောင်း သိရသည်။

(၅၃)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ကင်ဆာလူနာဆေးသွင်းကုသစက်(၁)လုံး လှူဒါန်း

နေပြည်တော် မတ် ၈

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဓာတ်ရောင်ခြည် ဆေးကုဌာနသို့ ဓာတ်ရောင်ခြည်ဆေးသွင်းကုသသော လူနာများအတွက် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ကင်ဆာလူနာဆေးသွင်းကုသစက် တစ်လုံး လှူဒါန်းပွဲကို မတ် ၃ ရက် နံနက်ပိုင်းတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက ဆေးရုံကြီးတွင် လိုအပ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးမြို့နေ ဦးယဉ်ဝင်းမောင် - ဒေါ်ခင်ပြုံးယု၊ သမီး ဒေါက်တာနေမျိုးအောင် - ဒေါက်တာ ထက်ထက်ယုမွန်၊ ဒေါက်တာရွှန်းလဲ့ယုမွန် မိသားစုက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ကင်ဆာလူနာများ ဆေးသွင်းကုသစက် တစ်လုံး လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၁၆)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိဦးမျိုးမင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များ ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ အရာထမ်းအဆောင်များ၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ထမ်းအိမ်ရာများ၊ စိုက်ပျိုးထားသည့် နှစ်ရှည်စားပင်များ၊ အရိပ်ရအပင်များ၊ ရာသီသီးနှံပင်များနှင့် ပန်းအလှပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းမိသားစုများအနေဖြင့် ကျန်းမာရေးနှင့်အညီ ဂရုပြုနေထိုင်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးလွှမ်းသီ မန်းရေနံမြေ အထွေထွေမန်နေဂျာများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွှမ်းသီသည် မတ် ၆ ရက် နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ရေနံမြေ အထွေထွေမန်နေဂျာများအား တွေ့ဆုံသည်။ ယင်းအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးက ကမ်းလွန်နှင့် ကုန်းတွင်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုများ၊ ကမ်းလွန်ရေနံလုပ်ငန်း၏ အောင်မြင်မှုများ၊ ကုန်းတွင်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်ရေးကိစ္စများ၊ ကုန်းတွင်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်နေသော လုပ်ငန်းများ၌ အောင်မြင်မှုများ၊ ဆောင်ရွက်ဆဲ Development လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြီးစီးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ထောက်ရှာပင်ရေနံမြေရှိ တွင်းသစ် တွင်းအမှတ်(၇၉၇)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေနံအထွက်တိုးရေးနှင့် အလေအလွင့်ထိန်းသိမ်းရေးတို့ကို မှာကြားကာ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ တစ်ကုဗပေသန်းနှုန်းခန့် ထွက်ရှိလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် မန်းရေနံမြေရှိ ရေနံလက်ခံဖြန့်ဖြူးရေး ဆောင်ရွက်နေသော အမှတ်(၁) သံကန်တန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေနံစိမ်းများအား သံကန်များသို့ ပိုက်လိုင်းဖြင့် ဖြည့်သွင်းနေမှုနှင့် ရေနွေးငွေ့ အပူသုံးပိုက်ဖြင့် ရေဖယ်ထုတ်သန့်စင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် မန်းရေနံမြေရှိ Deepening လုပ်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပြန်လည်ထုတ်လုပ်နေသော တွင်းအမှတ်(၄၄၃)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထုတ်လုပ်ဆဲ ရေနံတွင်း လေးတွင်းအား Single Multi Jet Operation (SEM Jet Operation) စနစ်ဖြင့် ရေနံထုတ်ယူနေသော သဲကြောကို ဘေးတိုက်ထပ်မံဖောက်၍ အထွက်တိုးအောင် ဆောင်ရွက်မည့် စနစ်ကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါတွင်းအမှတ်(၄၄၃)မှ နေ့စဉ် ရေနံ ၁၄ စည်နှင့် သဘာဝဓာတ်ငွေ့ (သုည ဒသမ ၂)ကုဗပေသန်းနှုန်းခန့် ထွက်ရှိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွှမ်းသီ ထောက်ရှာပင်ရေနံမြေရှိ တွင်းသစ်တွင်း အမှတ်(၇၉၇)မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များအား မီးရှို့စမ်းသပ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာသနာနုဂ္ဂဟဘွဲ့တံဆိပ် လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများ ထုတ်ယူနိုင်

နေပြည်တော် မတ် ၈

၁၃၇၂ ခုနှစ် တပေါင်းလပြည့်နေ့ မတ် ၁၉ ရက် (စနေနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၌ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက် ဖုန်း-၀၆၇-၄၀၆၀၄၅ ထံတွင် မတ် ၁၅ ရက် မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟားခါးမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဖွဲ့စည်း

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ဟားခါးမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဖွဲ့စည်းခြင်းကို မတ် ၁ ရက်က ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ပန်းချီလှတင်ထွန်း)က သဘာပတိအဖြစ် ဆောင်ရွက်၍ ဥက္ကဋ္ဌ ဦးသိန်းထွန်းချိန်၊ အတွင်းရေးမှူး ဦးWသန်းထွန်း အပါအဝင် မြို့နယ်အမှုဆောင် ၁၅ ဦးကို ရွေးချယ်တင်မြှောက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ ဒုတိယဦးစီးမှူး ဦးကျော်မိုးလွင်၊ အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ ပန်းချီ ဦးလှတင်ထွန်း၊ ရေးရာမှူးများဖြစ်ကြသော ဦးတင်မြ၊ ဦးသပြေမြင့်သိန်း၊ ပညာရေးမှူး ဦးဌေးအောင်၊ တွဲဖက်ပြန်ကြားရေးမှူး ဦးနီပိုဦး၊ တွဲဖက်စည်းရုံးရေးမှူး ဦးစောတင့်ဝေနှင့် အမှုဆောင်များသည် နွေရာသီ ပန်းချီသင်တန်း (၃/၂၀၁၁)ဖွင့်ပွဲနှင့် မြို့နယ်ပန်းချီပြပွဲသို့ သွားရောက်အားပေးခဲ့သည်။

ယင်းနောက် ဗဟိုအစည်းအရုံးမှ ပန်းချီပညာရှင်များက မြို့နယ်လှယဉ်ကျေးမယ် အေးမြသူ၏ ပုံတူနှင့် မြို့နယ်ရှုခင်းများကို သရုပ်ပြပညာပေး ရေးဆွဲကြသည်။ (ကြေးမုံ)

တာမွေမြို့နယ်အမက(၂၇)၌ ပညာရည်ချွန် ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မဆုလဲ့ရည်အား တာမွေမြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု (၁၀၇)ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် မတ် ၈

ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု(၁၀၇)ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး(၈၃)ကြိမ်၊ အလိုအလျောက်မီး(၁၅)ကြိမ်၊ လျှပ်စစ်မီး(၅)ကြိမ်၊ မသမာသူရှို့မီး(၂)ကြိမ်နှင့် တောမီး(၂)ကြိမ်တို့ ဖြစ်သည်။

မီးလောင်မှုကြောင့် အိမ်ခြေ ၅၉၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည် ၂၃၄၃ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ကာ လူလေးဦးသေ၊ ခြောက်ဦးဒဏ်ရာ ရရှိခဲ့သည်။

မီးလောင်မှု(၁၀၇)ကြိမ်တွင် မီးဖိုမီး အပါအဝင် ပေါ့ဆမီး(၈၃)ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ (၇၇ ဒသမ ၅၇ ရာခိုင်နှုန်း)ခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်များကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်းဒေသကြီး၌ အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ မန္တလေးတိုင်းဒေသကြီး၌ ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ် (၂၃)ကြိမ်အနက် (၁၆)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်ကြောင်း၊ ကျေးရွာမီးလောင်မှု (၃၉)ကြိမ် ဖြစ်ပွားခဲ့သဖြင့် မီးလောင်မှုအကြိမ် စုစုပေါင်း ၃၆ ဒသမ ၄၅ ရာခိုင်နှုန်းခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှု အားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေသေးကြောင်း၊ ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပွင့်လင်းခြောက်သွေ့သော ရာသီသို့ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှ စတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	တရားတော်
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာ့ရှုခင်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀	၃။	နိုင်ငံတော်သီချင်း
၄း၁၅	၄။	အဖွင့်သီချင်း
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၂၅	၆။	လျှပ်တစ်ပြက်
၄း၃၅	၇။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀	၉။	ရွှေးဟောင်းသုတ
၅း၀၀	၁၀။	သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၂၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၄၅)**
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	**Mail Box**
၆း၃၅	၁၆။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၄)
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၄၅)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဦးတည်ချက်(၁၂)ရပ်
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	ရယ်စရာပျော်စရာ ဟာသကမ္ဘာ -တစ်ယောက်. . . နှစ်ချေး (သူရလင်း၊ ဇော၊ ကျော်ထူး၊ ဝက်မ၊ မိုးတိမ်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
	၂၄။	**Internet Website**
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရင်၌တည်သောသစ္စာ (အပိုင်း-၁၁)**
	၂၇။	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်းကြေညာခြင်း

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြတ်ပေမန်ထွန်း** [၁၂/ကမရ(နိုင်)၀၄၄၆၉၂] ကိုင်ဆောင်သူမှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၄/၉၄၇၄၊ ၄/၉၄၇၅၊ ၄/၉၄၇၆ဖြင့် မှတ်ပုံတင်၍ အောက်၌ဖော်ပြပါရှိသော ကုန်အမှတ်တံဆိပ်များဖြစ်သည့်

၄/၉၄၇၄ ၄/၉၄၇၅ ၄/၉၄၇၆

တံဆိပ်အမည်အမှတ်အသားများဖြင့် ရေသန့်(ဘူးကြီး၊ ဘူးလတ်၊ ဘူးသေး)အမျိုးမျိုးတို့ကိုလည်းကောင်း၊ အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများကို စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်များဖြင့် ထည့်သွင်းထုပ်ပိုးပစ္စည်းတို့အပေါ်တွင် အရွယ်အစား၊ ဒီဇိုင်း၊ ရောင်စုံအမျိုးမျိုးတို့ဖြင့်ပြုလုပ်ပြီး ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်အသားတံဆိပ်များ ပြုလုပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အတုအပ ဆင်တူယိုးမှားပြု၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားပြု တုပသုံးစွဲဆောင်ရွက်ပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်ပေမန်ထွန်း၏ညွှန်ကြားချက်အရ-

ဦးရဲမင်းထွဋ်	**ဦးထွန်းလှိုင်**	**ဦးရန်လင်းမောင်**
LL.B,D.B.L	LL.B,H.G.P,C.B.L,D.B.L	LL.B,D.B.L,D.M.L
အထက်တန်းရှေ့နေ(စဉ်-၃၀၉၉၀)	**တရားရုံးချုပ်ရှေ့နေ(စဉ်-၆၆၆၅)**	**အထက်တန်းရှေ့နေ(စဉ်-၂၉၉၈၅)**

အမှတ်-၅၀၊ အခန်း:B(6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မတ် ၈

နေပြည်တော် ရေပြာဂေါက်ကွင်း၌ ဦးလှကျော် (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)သည် မတ် ၅ ရက် နံနက်ပိုင်းတွင် ကစားဖော်များဖြစ်ကြသော မြန်မာ့မီးရထားမှ ဦးသိန်းဆွေ၊ ဦးကြည်အေး၊ ဦးအောင်မြင့်လှိုင် တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် KINGBO TITANIUM 1 ဘောလုံးအား HONMAR Iron No. 8 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၄ ကိုက်အကွာရှိ ကျင်းအမှတ် (၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(သတင်းစဉ်)

STI Education က ပြည်ပ ပညာရေးဆိုင်ရာ ဝန်ဆောင်ပေးလျက်ရှိ

ရန်ကုန် မတ် ၈

STI Education သည် ဩစတြေးလျ၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်နှင့် စင်ကာပူနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် Institute များ၌ မြန်မာပြည်ဆိုင်ရာ တရားဝင်ကိုယ်စားလှယ်အဖြစ် ပြည်ပပညာရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းအမျိုးမျိုးကို အကြံပေးခြင်း၊ ဆွေးနွေးခြင်း၊ ဝန်ဆောင်မှုအမျိုးမျိုး ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဝန်ဆောင်မှုများပေးရာ၌ ကျောင်းသားများ၏ စိတ်ပါဝင်စားသည့် ဘာသာရပ်များ ရွေးချယ်ပေးခြင်း၊ Career Destination များ ဆွေးနွေးပေးခြင်းနှင့် စိတ်ပါဝင်စားသည့် ဘာသာရပ်များ သင်ကြားနိုင်ရန်စီစဉ်လျက်ရှိခြင်းဖြစ်သည်။

ယင်းသို့ သင်ကြားရာ၌ ဩစတြေးလျနိုင်ငံတွင် Griffith University, Australian National University, University of Sydney, University of Technology Sydney, University of Wollongong, Australian College of Applied Psychology (ACAP), Australian College of English(ACE), Australian TESOL Training Centre (ATTC), Centre of English Language in the University of South Australia (CELUSA), Curtin International College (CIC), Curtin University of Technology Sydney, Macquarie City Campus (MQC), Melbourne Institute of Business and Technology (MIBT), Navitas College of Public Safety (NCPS), Newcastle International College (NIC), Perth Institute of Business & Technology (PIBT), Queensland Institute of Business & Technology (QIBT), South Australia Institute of Business & Technology (SAIBT), Sydney Institute of Business & Technology (SIBT)၊ ကနေဒါနိုင်ငံတွင် Farser International College (FIC), International College of Manitoba (ICM)၊ အင်္ဂလန်နိုင်ငံတွင် Cambridge Ruskin International College (CRIC), Hertfordshire International College of Business & Technology (HIBT), International College Portsmouth (ICP), International College Wales Swansea (ICWS), London International College of Business & Technology (LIBT), Plymouth Devon International College (PDIC)၊ အမေရိကန်နိုင်ငံတွင် Lamar University, University of Massachusetts Lowell (UM ass Lowell), University of Massachusetts Boston (UMass Boston), University of Massachusetts Dartmouth (UM ass Dartmouth), WKU - Western Kentucky University (WKU)၊စင်ကာပူနိုင်ငံတွင် Cutrtin Singapore, Singapore Institute of Materials Management (SIMM), Singapore Human Resources Institute (SHRI) တို့ဖြစ်သည်။

သင်ကြားနိုင်မည့် ဘာသာရပ်များအနေနှင့် Accounting, Arts , Bioscience, Built Environment, Business/ Commerce, Computing/ Information Technology, Criminology and Criminal Justice, Design, E- Commerce, Engineering, Graphic Design, Health Sciences & Nursing, Hotel Management, Law, Marketing, Mass Communications, Physical Sciences, Logistics & Supply Chain Management, Human Resources Management တို့ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် STI Education တည်ရှိရာ အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) Myanmar Info- Tech လှိုင်မြို့နယ်သို့ လည်းကောင်း ဖုန်း-၅၀၇ ၀၄၈နှင့် ၅၀၇၁၅၁ တို့သို့ စုံစမ်းမေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပရိသတ်တို့၏ လက်ခုပ်သံနှင့်အတူ အောင်ပွဲရယူမည့် မြန်မာ ယူ-၂၃ အသင်း

ရန်ကုန် မတ် ၈

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ဖြစ်သည့် မြန်မာ ယူ- ၂၃ အသင်းနှင့် အိန္ဒိယယူ-၂၃ အသင်းတို့၏ ပွဲစဉ်ကို မတ်လ ၉ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပတော့မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ ရက်က အိန္ဒိယနိုင်ငံ ပူနေးမြို့တွင် ကျင်းပခဲ့သည့် ခြေစစ်ပွဲ ပထမအကျော့တွင် အိန္ဒိယအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားရာ မြန်မာ ယူ-၂၃ အသင်းအနေဖြင့် ယခု

ပထမအကျော့တွင် မြန်မာယူ-၂၃ အသင်းအတွက် အဖိုးတန်ချေပဂိုးသွင်းယူခဲ့သူ တိုက်စစ်မှူး မိုင်းအိုက်နိုင်။ (ကြေးမုံ)

အိမ်ကွင်းပွဲစဉ်တွင် မဖြစ်မနေအနိုင်ကစားရတော့မည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ ပထမအကျော့တွင် ရှုံးနိမ့်ထားသော်လည်း အဖိုးတန် အဝေးကွင်းဂိုးတစ်ဂိုးရရှိခဲ့ရာ ယခုဒုတိယအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရုံဖြင့် နောက်တစ်ဆင့်တက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ယခုပွဲစဉ်မှာ မြန်မာယူ-၂၃ အသင်းအတွက် ပထမအဆင့်ခြေစစ်ပွဲ အောင်မြင်ရန် အရေးကြီးလျက်ရှိပြီး မဖြစ်မနေအနိုင်ယူရတော့မည် ဖြစ်သည်။ မြန်မာယူ-၂၃အသင်း၏ နိုင်ပွဲရှာဖွေရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသူများမှာ မြန်မာ့ဘောလုံးပရိသတ်များဖြစ်ပေသည်။ မြန်မာ့ဘောလုံးပရိသတ်များ၏ တစ်ခဲနက်အားပေးမှုက အိန္ဒိယအသင်းကို ဖြတ်ကျော်နိုင်စေရန် မြန်မာ ယူ-၂၃ အသင်းကို အထောက်အကူပြုစေမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ပရိသတ်များ ကွင်းလုံးပြည့်လာရောက်အားပေးစေရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲကို အသင်းပေါင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဆီဒင်သတ်မှတ်ချက် အဆင့် (၁၄)မှ (၃၅) အထိ စုစုပေါင်း ၂၂ သင်းမှာ ပထမအဆင့်ခြေစစ်ပွဲမှ စတင်ကစားရခြင်းဖြစ်သည်။

လန်ဒန်အိုလံပစ်ခြေစစ်ပွဲဝင် မြန်မာ ယူ-၂၃ အသင်းကို ဆားဘီးယားလူမျိုးနည်းပြ မီလန်ဇီမာဒီနိုဗစ်က နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မီလန်ဇီမာဒီနိုဗစ်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အသစ်ခန့်အပ်ထားသည့် နည်းပြဖြစ်ပြီး ၎င်းနှင့်အတူ လက်ထောက်နည်းပြ နီကိုလစ်ဂျီဗီကာ၊ ကြံ့ခိုင်ရေးနည်းပြ ရိုရန်ဇီမာဒီနိုမစ်တို့ကိုလည်း ခန့်အပ်ထားသည်။ မီလန်ဇီမာဒီနိုဗစ်သည် အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ပြီး လက်ရွေးစင်အသင်း ငါးသင်းနှင့် ကလပ်အသင်းပေါင်းများစွာကို ကိုင်တွယ်ဖူးသူလည်း ဖြစ်သည်။ အိန္ဒိယအသင်းနှင့် ကစားရမည့် ခြေစစ်ပွဲအတွက် ဖေဖော်ဝါရီ ၉ ရက်နေ့မှစ၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး မြန်မာယူ-၂၃ အသင်းကို ပြင်းထန်သော လေ့ကျင့်ခန်းအစီအစဉ်များ၊ တင်းကျပ်သောစည်းကမ်းများဖြင့် နည်းပြချုပ်ဖြစ်သူ မီလန်ဇီမာဒီနိုဗစ်က ကိုင်တွယ်လျက်ရှိသည်။ ယခုဒုတိယအကျော့အတွက်လည်း ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ခဲ့ပြီး ပထမအကျော့၌ သွားရောက်ကစားခဲ့သည့် ကစားသမား ၁၈ဦးအပြင် AFC Challenge Cup ခြေစစ်ပွဲဝင်မည့်ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ တိုက်စစ်မှူးကျော်ကိုကိုနှင့် နောက်ခံလူ ရဲဇော်ထက်အောင်တို့ကို ထပ်မံ အားဖြည့်ရွေးချယ်ထားခဲ့သည်။

ဒုတိယအကျော့ ခြေစစ်ပွဲယှဉ်ပြိုင်ရန် အိန္ဒိယအသင်းသည် မတ် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ အိန္ဒိယပြည်တွင်းလိဂ်ကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး ထိပ်တန်းကလပ် အရှေ့ဘင်ဂေါအသင်းမှ ကစားသမားများလည်း ပါဝင်နေကြောင်း သိရသည်။

ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ရန် အိမ်ကွင်း၌ အိန္ဒိယအသင်းကို မဖြစ်မနေ အနိုင်ကစားရမည့် မြန်မာယူ-၂၃အသင်းအတွက် "မြန်မာ၊ မြန်မာ"ဆိုသော မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက် အားပေးမှုက အရေးပါလျက် ရှိပါကြောင်း။ ။ (ကြေးမုံ)

အိန္ဒိယအသင်းနှင့် ပထမအကျော့ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ ယူ-၂၃ အသင်း။ (ကြေးမုံ)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ် မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မန်ယူတောင်ပံကစားသမား နာနီ တစ်လခန့်နားရမည်

မန်ချက်စတာ မတ် ၈

မန်ယူအသင်း၏ တောင်ပံကစားသမားနာနီသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က လီဗာပူးကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ခြေထောက်ဒဏ်ရာ ရခဲ့၍ တစ်လခန့်အနားယူရတော့မည်ဟု သတင်းများတွင် ဖော်ပြထားသည်။ နာနီသည် အဆိုပါပွဲတွင် လီဗာပူး နောက်ခံလူ ကာရေဂါ၏ ကြမ်းတမ်းစွာ ဖျက်ထုတ်ကစားမှုကြောင့် ညို့သကျည်းကွဲရှဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရပြီးချိန်တွင် ၎င်းအား ကွင်းပြင်သို့ ထမ်းစင်ဖြင့် သယ်ထုတ်ခဲ့ရသည်။

ယင်းဒဏ်ရာကြောင့် နာနီသည် လာမည့် မတ် ၁၂ရက် (စနေနေ့)တွင် အာဆင်နယ်အသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲ၊ မာဆေးလ်နှင့် အိမ်ကွင်းကစားရမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ဒုတိယအကျော့ပွဲနှင့် ဘော်လ်တန်နှင့် ကစားရမည့် ပရီမီယာလိဂ်ပွဲတို့ကို လွဲချော်ရတော့မည်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

အက်နန်ဂျန်နုဇက်ကို မန်ယူခေါ်ယူ

မန်ချက်စတာ မတ် ၈

ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်ယူအသင်းသည် အန်ဒါလက်ချ်အသင်းမှ အသက် (၁၆) နှစ်သာရှိသေးသည့် လူငယ်ကစားသမား အက်နန်ဂျန်နုဇက်ကို ခေါ်ယူစာချုပ်လိုက်ပြီဟု သိရသည်။

မန်ယူအသင်းသည် အက်နန်ဂျန်နုဇက်ကို ပေါင်တစ်သန်းခွဲဖြင့် ခေါ်ယူခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။ ဗီလာအသင်းနှင့် လိုင်လီအသင်းတို့၏ စိတ်ဝင်စားခြင်းကိုလည်း ခံခဲ့ရသည့် အဆိုပါ ကစားသမားလေးသည် ကွင်းလယ်တွင် ကောင်းစွာ ခြေစွမ်းပြကစားနိုင်သည်ဟုဆိုသည်။ အချို့က အက်နန်ဂျန်နုဇက်အား အနာဂတ်တွင် ဒေးဗစ်ဘက်ခမ်းကဲ့သို့ ကျော်ကြားသည့် ကစားသမားဖြစ်လာမည်ဟုလည်း သုံးသပ်နေကြသည်။

အင်တာနက်။

ငါးလုပ်ငန်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီး၌ကျင်းပ

ရန်ကုန်　　မတ်　　၈

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဟိုင်းကြီးကျွန်းမြို့နယ် ယုဇနမာလာလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက်ကကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းနှင့် အရာရှိကြီးများ၊ ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းနှင့် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ဟိုင်းကြီးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရေလုပ်ငန်းရှင်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်သည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မှုခင်း ကျဆင်းရေး

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးညွန့် ဖေဖော်ဝါရီ ၁၁ ရက်က ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ၌ မှုခင်းကျဆင်းရေးပညာပေး ဟောပြောစဉ်။
(ခရိုင် ပြန်/ဆက်)

လမ်းအဆင့်မြှင့်

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့သည် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကွမ်းမိုးဒိန်း ကျေးရွာလမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

သွေးလွန်တုပ်ကွေးနှင့် ချိကန်ဂန်ညာရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးညှိနှိုင်းဆွေးနွေး

မော်လမြိုင်　မတ်　၈

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ ပြည်နယ်အဆင့် သွေးလွန်တုပ်ကွေးနှင့် ချိကန်ဂန်ညာရောဂါကာကွယ်နှိမ်နင်းရေး အသိပေးညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းကအမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် ပြည်နယ်ငှက်ဖျား ဆရာဝန်ကြီး ဒေါက်တာဘဏ်ဆင့်တို့က သွေးလွန်တုပ်ကွေးနှင့် ချိကန်ဂန်ညာ ရောဂါဖြစ်ပွားမှုအခြေအနေနှင့်ဆောင်ရွက်မည့်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်နှင့် မြို့နယ် ကျန်းမာရေးကော်မတီဝင်များ၊ နီးနွယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတာဝန်ခံများ၊ဆေးရုံအုပ်ကြီးနှင့်ပြည်နယ်အထူးကုဆရာဝန်ကြီးများ၊ ရောဂါနှိမ်နင်းရေးဆရာဝန်ကြီးများနှင့်တာဝန်ခံဆရာဝန်များတက်ရောက် ကြကြောင်းသိရသည်။ (ပြည်နယ်ပြန်/ဆက်)

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရွှေအုပ်ချောင်းကျေးရွာမှ ညောင်ချောင်းကျေးရွာသို့ တိုက်ရိုက် ဆက်သွယ်သော အရှည်ပေ ၂၈၀၀ ရှိ ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ရွှေအုပ်ချောင်းကျေးရွာ တာလမ်းထိပ်စုရပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေးမောင်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်စိုးနှင့် ပိဿာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ဝေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၆၄)

နည်းပညာတက္ကသိုလ်(မန္တလေး) စုပေါင်းသွေးလှူ

မန္တလေး　မတ်　၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မန္တလေး)၏ ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ရက်က အဆိုပါ တက္ကသိုလ် ပင်မသုံးထပ်ဆောင်၌ ကျင်းပသည်။

အဆိုပါ ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲတွင် အမျိုးသားသွေးလှူဘဏ်မှ နယ်လှည့် သွေးဖောက်မော်တော်ယာဉ်ဖြင့် သွေးများလက်ခံ ဖောက်ယူလျက်ရှိရာနည်းပညာတက္ကသိုလ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူများက သန့်စင်သောသွေးများကို စုပေါင်း လှူဒါန်းကြသည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က သန့်စင်သောသွေးအိတ် ၂၉၀ အား စုပေါင်းပေးအပ်လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သွေးလှူဒါန်းပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရပစ္စည်းပေးအပ်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)** (၄၆၉)

အထက(၁)ဒဂုံ (၁၉၇၅-၂၀၁၀)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်　　မတ်　　၈

အထက(၁)ဒဂုံ(၁၉၇၅-၂၀၁၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မတ် ၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ယင်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက သီရိမာ ဖုန်း-၀၉-၅၀၂၁၂၄၁၊ မြတ်စိုးဝင်း ဖုန်း-၀၉-၅၁၂၆၇၇၅၊ ဇော်မင်းဦး ဖုန်း-၀၉-၅၀၀၂၅၇၁၊ ဝင်းစန္ဒာကြီး ဖုန်း-၀၉-၅၁၈၉၂၀၀၊ ဝင်းပပလင်း ဖုန်း-၀၉-၈၀၃၄၅၇၉၊ ကျော်စွာဝင်း ဖုန်း-၀၉-၅၁၁၂၂၃၁၊ အောင်ကိုကို ဖုန်း-၀၉-၅၄၀၄၅၄၅၊ အောင်သူထွန်း ဖုန်း-၀၉-၈၆၁၄၈၀၀၊ လှမျိုးထွန်း ဖုန်း-၀၉-၅၀၆၂၈၅၀၊ ချိုလေးလွင် ဖုန်း-၀၉-၄၉၂၁၂၅၅၀၊ သင်းသင်းညို ဖုန်း-၀၉-၅၀၉၁၀၆၉၊ ဇော်မောင်မောင်ကျော် ဖုန်း-၀၉-၅၄၁၀၃၇၄နှင့် အေးအေးမျိုး ဖုန်း-၀၉-၅၀၃၄၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပိုလီယိုဆေးတိုက်ကျွေး

ရန်ကုန်　မတ်　၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် (၉)လမ်းထိပ်ရှိ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီ မှ ညနေ ၄ နာရီအတွင်း မွေးကင်းစမှ အသက်(၅)နှစ်အရွယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာကြံ့ခိုင်ရေးအတွက် ဗီတာမင်(အားဆေး) တိုက်ကျွေးရာ ဒေသန္တရကျန်းမာရေးဆရာမ ဒေါ်နုနုထွေး၊ ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်မြင့်မြင့်ထွေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၅၁၂)

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ခွင့်ရက်မပျက်ဆုရရှိခဲ့သော အလယ်တန်းပြဆရာမ ဒေါ်ခင်မြင့်ဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)မှ စုပေါင်းလှူဒါန်းမည်

ရန်ကုန်　　မတ်　　၈

ညောင်တုန်းမြို့ သမိုင်းဝင် မိုးဟုတ်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းတော်ကြီးလောင်းလှူပွဲကို မတ် ၁၉ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)မှ အသင်းသူ၊ အသင်းသားများ စုပေါင်းလှူဒါန်းကြမည်ဖြစ်သည်။ ကိုယ်တိုင်သွားရောက်မလှူဒါန်းနိုင်သော အသင်းဝင်များသည် ယင်းပွဲတော်အတွက် လှူဒါန်းလိုပါက ဦးစိုးသိမ်း(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၇၇၆၇၂၊ ဦးအေးကျော်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁၁၄၁၂၅၊ ဦးစိုးဝင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၀၃၇၄၉၆၊ ဦးစံမြိုင်(အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၃၁၇၆၈နှင့် ဒေါ်ခင်ဆွေသိန်း(ဘဏ္ဍာရေးမှူး)ဖုန်း-၀၁-၅၁၈၁၈၅ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လှိုင်းဘွဲ့မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်လမ်းဘေး ပန်းခုံပြုလုပ်ခြင်းလုပ်ငန်းကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မင်းကင်း-ကနီလမ်း မြို့ဝင်ဆိုင်းဘုတ်အနီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ၁နာရီတွင် ပြည်တက္ကသိုလ် သီတာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။ (၄၉၇)

ဖေဖော်ဝါရီ ၁၃ရက်က ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့မဈေးကြီးအတွင်းဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်၊ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၀၂

ဒေါ်မီနား	နှင့်	၁။ ဦးကျော်မြင့်
(၎င်း၏ကိုယ်စားလှယ်-		၂။ ဦးအောင်လွင်
ဦးမောင်မောင်တင်)		၃။ ဒေါ်ကြည်ကြည်ဝင်း
		၄။ ဦးအောင်ကိုဝင်း
		၅။ မဥမ္မာ
		၆။ ဒေါ်အုန်းမေချေ
(တရားလို)		**(တရားပြိုင်များ)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ညာဘက်အခန်း၊ ၈-လွှာ၊ အမှတ်-၁၈/၁၂၀ နေ (၁) တရားပြိုင် - ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ ၄-ခန်းတွဲ၊ ၄-ထပ်တိုက်၏ အပေါ်ဆုံးထပ်၊ ဒါဘာအတွင်း ထောင့်ခန်း၊ ဘယ်ဘက်ထောင့်ခန်း၊ အမှတ်-၅၉/၆၁ နေ (၃) တရားပြိုင်ဒေါ်ကြည်ကြည်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ ၄-ခန်းတွဲ၊ ၄-ထပ်တိုက်၏ မြေညီထပ်ခြေရင်းခန်း(အလယ်)၊ အမှတ်-၅၉/၆၁နေ (၄)တရားပြိုင်ဦးအောင်ကိုဝင်း(ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ ၄-ခန်းတွဲ၊ ၄-ထပ်တိုက်၏ အပေါ်ဆုံးထပ်၊ ဒါဘာအတွင်း ထောင့်ခန်း၊ ဘယ်ဘက်ထောင့်ခန်း၊ အမှတ်-၅၉/၆၁ နေ(၅) တရားပြိုင် မဥမ္မာ (ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ ၄-ခန်းတွဲ၊ ၄-ထပ်တိုက်၏ မြေညီထပ်ခြေရင်းခန်း(အလယ်)၊ အမှတ် ၅၉/၆၁ နေ (၆) တရားပြိုင် ဒေါ်အုန်းမေချေ (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အရောင်းအဝယ် ကတိပဋိညာဉ်အတိုင်း ကျန်ငွေကို လက်ခံ၍ တိုက်ခန်းများနှင့်အကျိုးခံစားခွင့်များကို လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ်၊ မတ်လ ၁၅ ရက် (၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်) နံနက် ၉း၃၀ နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်အေးအေးခိုင်
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး

အမြို့မြို့ အနယ်နယ် သတင်းများ

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို မတ်လထုတ် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် မတ် ၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၃)ကို အထက(၂)လသာမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မအေးချမ်းစံ၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ ပုလော-စိုးနှံ့သာ၊ မြတ်ဘုန်း(တပ်ကုန်း)၊ မိုးလွင်မိုး(တောင်ကုတ်)၊ ပုသိမ်မောင်အေးကြည်၊ လေးစိုး(ဒေးဒရဲ)၊ မျိုးခိုင်(မူဆယ်)၊ ချမ်းမြဆောင်း (ကလော)၊ မောင်မောင်မိုးအောင်၊ အနီ၊ တက္ကသိုလ်တင်ခ၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ မလေး(မုံရွာ)၊ လှိုင်မြင့်ဦးစသည့် စာရေးဆရာများနှင့် ၎င်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ တောခလေ့ စာပန်းချီ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ဗုဒ္ဓစာဥယျာဉ်၊ စင်ကာပူခရီးသည်၊ တိုင်းရင်းသားကဏ္ဍ၊ သမိုင်းထဲက ဝတ္ထု၊ သုတေသန၊ နက္ခတ်အမြင်နှင့်ဇာတာရှင်၊ ရုပ်ရှင် ဗီဒီယိုကဏ္ဍ၊ အမှတ်တရကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်မထွန်းပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၆)၊ ဧရိယာ(၀. ၀၈၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၅) ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံနှင့်တကွ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ **ဒေါ်ရာဘီယာခါတွန် [၁၂/ရကန(နိုင်)၀၆၀၀၉၆]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO(Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၂၇(က)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
Tel:294866, 294766
HP:09-5017044, 09 7310 7094

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅E[၇])၊ မြေကွက်အမှတ်(၁၅၁) (အလျား၁၀ပေ× အနံပေ၄၀)ရှိ (ဘိုးဘွားပိုင်မြေ) အမှတ်(၈၇) တော်ဝင်လမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်အောင်[၁၂/ကမတ(နိုင်)၀၁၂၄၈၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ဖော်ပြပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသည့် အထောက်အထားမူရင်းဖြင့် လူကိုယ်တိုင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ခိုင်(ခ)ဦးအင်ပို့ (စဉ်-၆၇၀၅)	**ဒေါ်စန်းငွေး(စဉ်-၂၃၄၃၈)**
LL.B တရားရုံးချုပ်ရှေ့နေ	**LL.B အထက်တန်းရှေ့နေ**

တိုက်(၈)၊ အခန်း (၂၃)၊ ပန်းလှိုင်အိမ်ရာ၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

တံတားတည်ဆောက်ရေး အလှူငွေလှူဒါန်း

ကျောင်းကုန်း မတ် ၈

ရေဂလုတ်(ချောင်း၀) တံတားတည်ဆောက်ရေးအတွက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက လှူဒါန်းသော ငွေကျပ်သိန်း ၁၀၀အား လှူဒါန်းပေးအပ်ပွဲကို မတ် ၂ရက် မွန်းလွဲ ၁နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆရာတော်ကိုယ်စား တပည့်ရင်းဖြစ်သူ သီတဂူအရှင်သုန္ဒရက တံတားဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၃၆၅)

ပညာရေးဝန်ထမ်းများ အလှူငွေပေးအပ်

ရန်ကုန် မတ် ၈

တာမွေမြို့နယ် သာသနာ့နုဂ္ဂဟအသင်းသို့ တာမွေမြို့နယ် ပညာရေးမှူးရုံး ပညာရေးဝန်ထမ်းများမှ စုပေါင်း၍ အသင်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ပညာရေးမှူးရုံး ခန်းမ၌ကျင်းပရာ ပညာရေးဝန်ထမ်းများကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်က ငွေကျပ် ၅၅၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် အသင်းအတွင်းရေးမှူး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးဌာနမှူး ဦးရဲစိုးမြင့်တို့က လက်ခံရယူကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ခရိုင်ချင်းဆက်လမ်း အမှတ်(၁) နတ်တလင်းမြို့နယ် မင်းဘူးချောင်းတံတား ပြုပြင်တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ပါဝင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာနေ ပြည်သူများ ဖေဖော်ဝါရီ ၂၇ ရက်က ကျေးရွာရှိ ရေကန်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရားတကာ လမ်းသွယ်(၃) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဦးထွန်းထွန်းလင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ကံလျှက်တောလမ်း ကျောက်ချောခင်းပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောဘေးလေဂရေး ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၂၉၄)

ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာပေါ်၌ ပြိုင်ဘက်ကင်း ဂုဏ်ယူဝင့်ကြွားဖွယ် အကောင်းဆုံးအရည်အသွေး ပိုင်ဆိုင်ထား

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

'ဘုရားပေးသော ကျောက်တုံး'။ ကျောက်လောကသားတစ်ဦးထံမှ အမှတ်တမဲ့ကြားလိုက်ရသော စကား. . .။ သို့သော်လည်း အမှတ်ထင်ထင်ဖြစ်ခဲ့ရသည်။ မှန်ပါသည်။ အကောင်းဆုံးအရည်အသွေးရှိသည့် ကျောက်စိမ်းကို ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိရခြင်းဖြစ်၍ ဘုရားပေးသော ကျောက်တုံးဟု တင်စားပြောဆိုခြင်းမှာ ဆီလျော်လှပေသည်။

မြန်မာ့ရတနာများထဲမှ ကျောက်စိမ်းရတနာအကြောင်းကို ထဲထဲဝင်ဝင် လေ့လာဖြစ်သောအခါတွင် ဘုရားပေးသောကျောက်တုံးဆိုသည်ကို ပို၍လက်ခံနားလည်သဘောပေါက်လာပါလိမ့်မည်။ မြန်မာ့ကျောက်စိမ်း၏ ထင်ရှားကျော်ကြားမှုသည် မြန်မာနိုင်ငံကို ကမ္ဘာကသိစေသည့် အချက်တစ်ချက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသားတို့အတွက် ကျောက်စိမ်းရတနာသည် ဂုဏ်ယူဝင့်ကြွားဖွယ် ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။ မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် ပြိုင်ဘက်မရှိ အကောင်းဆုံးအရည်အသွေးကို ပိုင်ဆိုင်ထားသည်ဟု အားလုံးက အသိအမှတ်ပြု လက်ခံထားကြပြီး ဖြစ်သည်။

မြန်မာနိုင်ငံ၌ ကျောက်မျက်ရတနာအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို ရှေးအစဉ်အလာကပင် ကမ္ဘာကသိရှိပြီး ကျော်ကြားထင်ရှားခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်း(Jade)၊ ပတ္တမြား(Ruby)၊ နီလာ(Sapphire)စသော တန်ဖိုးကြီး ရတနာများသည် အရည်အသွေးအရလည်းကောင်း၊ ထွက်ရှိသည့် ပမာဏနှင့် ရတနာသိုက်အရွယ်အစားအရ လည်းကောင်း ကမ္ဘာပေါ်တွင် ကျော်ကြားသဖြင့် ဂုဏ်ယူဖွယ် ကောင်းလှပေသည်။

မြန်မာ့ကျောက်စိမ်းကို ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တို့တွင် နေရာအနှံ့အပြားတူးဖော်ထုတ်လုပ်ရရှိနိုင်သည်။ ကျောက်စိမ်းဖြစ်ထွန်းမှုကို ဘူမိဗေဒသဘောအရ ပင်ရင်းသိုက်များ (Primary Deposits)နှင့် ပင်ရင်းသိုက်များမှ တိုက်စားပို့ချပြီး ဖြစ်ပေါ်လာသော ကျောက်စိမ်းသိုက်များ (Secondary Deposits) ပုံစံနှစ်မျိုးဖြင့် အဓိကတွေ့ရှိရသည်။

မြန်မာ့ကျောက်စိမ်းများ

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ကျောက်စိမ်းများကို တွေ့ရစဉ်။

ပင်ရင်းသိုက်များ(Primary Deposits)ဟူသည် အငုတ်အကြောအဖြစ် ဆာပင်တီနိုက်ကျောက်(Serpentinite)များ၏ အက်ကြောင်းကြီးများထဲ၌ တိုးဝင်နေသည့် အနေအထားဖြစ်သည်။ ဤပုံစံမျိုးကို ဖားကန့်မြို့နယ် တောမှော်ဒေသဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိနိုင်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့☆**